www.burmeseclassic.com

ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်

ဇလွန်မြို့

# မာရ်အောင်မြင်ပြည်တော်ပြန်

## မြတ်စွာဘုရားကြီးသမိုင်း

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ရောဝတီတိုင်း၊ ဟင်္သာတခရိုင်

ဇလွန်မြို့

# မာရ်အောင်မြင် ပြည်တော်ပြန်
# မြွတ်စွာဘုရားကြီး
# သမိုင်း


သမိုင်းပြုစုရေးအဖွဲ့က ရေးသားပြီး

ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ မူပိုင်အဖြစ် ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၉၇/၂၀၀၀ (၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၈၆/၂၀၀၁ (၂) |
| ပထမအကြိမ် | - | ၂၀၀၁-ခုနှစ်၊ ဒီဇင်ဘာလ |
| အုပ်ရေ | - | ၁၀၀၀၀ |
| မျက်နှာဖုံးနှင့် ဓာတ်ပုံဖလင် | - | ခိုင်သဇင်ကွန်ပျူတာ |
| ကွန်ပျူတာစာစီ | - | မျိုးမော်ကွန်ပျူတာ |
| ဓာတ်ပုံ | - | ကိုကိုအောင် (ဇလွန်) |
| စီစဉ်တည်းဖြတ်သူ | - | ကိုကြည်စိုး (ငွေစန္ဒာပုံနှိပ်တိုက်) |
| ထုတ်ဝေသူ | - | ဦးကြည်ဝင်း(ပြည်တော်ပြန်ဘုရားကြီးဂေါပကရုံးအဖွဲ့ မှူး) အမှတ် ၂၁၊ သဇင်လမ်း ဆန်တန်းရပ်ကွက်၊ ဇလွန်မြို့။ |
| အဖုံးနှင့် အတွင်းစာသားပုံနှိပ်သူ | - | ဦးဟုတ်ကြည် (မြ-၀၂၈၁၈) ငွေစန္ဒာပုံနှိပ်တိုက် အမှတ် ၂၂၊ ကုန်သည်လမ်း၊ ဇလွန်မြို့။ |
| တန်ဖိုး | - | ၃၅၀ ကျပ် |

www.burmeseclassic.com

www.burmeseclassic.com



ပြည်တော်ပြန်မြတ်စွာဘုရားကြီး မူလပုံတော်



ပြည်တော်ပြန် မြတ်စွာဘုရားကြီး၏
ရွှေမကိုဋ်တော်၊ရွှေစလွယ်တော် ဆင်မြန်းထားသည့်ပုံတော်

www.burmeseclassic.com

www.burmeseclassic.com



အရန်ဘုရားများ



အရန်ဘုရားများ

www.burmeseclassic.com

www.burmeseclassic.com



အရန်ဘုရားများ



ဂန္ဓကုဋိတိုက်တော်ကြီး


www.burmeseclassic.com

www.burmeseclassic.com

## ဩဝါဒါစရိယ ဆရာတော်ကြီးများ



ဘဒ္ဒန္တ နန္ဒိယ
ချောင်းကြီးကျောင်းဆရာတော်




ဘဒ္ဒန္တ ဝဏ္ဏိတ
ကျွန်းကြီးကျောင်းဆရာတော်




ဘဒ္ဒန္တ ဝါယမ
ရေလဲသဘော်ဆိပ်ကျောင်းဆရာတော်

## ဩဝါဒါစရိယ ဆရာတော်ကြီးများ



ဘဒ္ဒန္တ ဓမ္မာဘိဝံသ
မဟာနာဂဝံသကျောင်းဆရာတော်



ဘဒ္ဒန္တ ဓမ္မစန္ဒ
ကော့ကပ်ကြီးကျောင်းဆရာတော်




ဘဒ္ဒန္တ ပဏ္ဍိတ
အုပ်ရှစ်ကွင်းကျောင်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com


## ဩဝါဒါစရိယ ဆရာတော်ကြီးများ



ဘဒ္ဒန္တ ကောသလ္လ
ဂန္ဓာရုံကျောင်းဆရာတော်



ဘဒ္ဒန္တ ဝါယမိန္ဒ
အင်္ဂဗိုလ်ကျောင်းဆရာတော်



ဘဒ္ဒန္တ စိန္တိတ
မြို့မောင်းထောင်ကျောင်းဆရာတော်



# ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် ဘုရားသမိုင်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ဂါထာ (၄)ဆူ(ပါဠိ) | ၄ |
| ၃။ | မာရ်အောင်မြင် ဘုရားဆင်းတုတော်၏ သမိုင်းအစ | ၅ |
| ၄။ | ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား၏ သားတော် အိမ်ရှေ့မင်းသား သီဟသူရက ဘုရားလေးဆူအား ရခိုင်မဉ္ဇဝတီမှ အမရပူရသို့ ပင့်ဆောင်ခြင်း | ၉ |
| ၅။ | မာရ်အောင်မြင်ဘုရားနှင့် ဇလွန်မြို့သူကြီး ဦးရွှေပွင့် | ၁၁ |
| ၆။ | မြို့သူကြီး ဦးရွှေပွင့် အမရပူရသို့ သွားရောက်၍ ကြေးဆင်းတုတစ်ဆူ သွန်းလုပ်ခြင်း | ၁၂ |
| ၇။ | မာရ်အောင်မြင် ဆင်းတုတော်အား ဦးရွှေပွင့်က ဇလွန်မြို့သို့ ပင့်ဆောင်ခွင့်ရခြင်း | ၁၄ |
| ၈။ | ဇလွန်မြို့၊ ကမ်းနားရပ်ကွက်တွင် သီတင်းသုံး စံနေတော်မူခြင်း | ၁၅ |
| ၉။ | မာရ်အောင်မြင် ဘုရားကြီးအား အင်္ဂလိပ်နယ်ချဲ့တို့က အိန္ဒိယပြည် ဘုံဘေမြို့သို့ ပင့်ဆောင်သွားခြင်း | ၁၇ |
| ၁၀။ | ဘုရားဖျက်ဆီးသူများ ဘေးဒဏ်သင့်ခြင်း | ၁၉ |
| ၁၁။ | ဝိတိုရိယဘုရင်မ အိပ်မက် မြင်မက်ခြင်း | ၁၉ |
| ၁၂။ | မြန်မာပြည် နေရင်းဒေသသို့ ပြန်ပို့ခြင်း | ၂၀ |
| ၁၃။ | ပေါ်တော်မူဘုရားအဖြစ် အပူဇော် ခံယူတော်မူခြင်း | ၂၁ |


www.burmeseclassic.com

www.burmeseclassic.com



၁၄။ ဟင်္သာတနှင့် ဇလွန် လှေဖောင်ဆွဲခြင်း ၂၃
၁၅။ ဇလွန်မြို့သို့ ပြန်လည်ပင့်ဆောင်တော်မူခြင်း ၂၄
၁၆။ ပြည်တော်ပြန်ဘုရားကြီး ဇလွန်မြို့၌ နေရာပြောင်း၍ အဆင့်ဆင့် ကိန်းဝပ်တော်မူခြင်း ၂၄
၁၇။ ပထမ မကိုဋ်နှင့် စလွယ်တော်များ လှူဒါန်းပူဇော်ခြင်း ၂၆
၁၈။ ဒုတိယ ရွှေစင်မကိုဋ်တော်နှင့် စလွယ်တော်များ လှူဒါန်း ပူဇော်ခြင်း ၂၇
၁၉။ ဘုရားကြီးအား မျက်နှာတော်သစ်ခြင်းနှင့် ရောင်တော် ဖွင့်ခြင်း ၂၉
၂၀။ မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး၏ ဂါထာတော် (၄)ဆူ (မြန်မာပြန်) ၃၀
၂၁။ မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး၏ အံ့သြ ကြည်ညိုဖွယ်ရာ တန်ခိုးတော်များ ၃၅
၂၂။ တပေါင်းလ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပခြင်း ၃၇
၂၃။ ဘုရားကြီး၏ တည်နေရာနှင့် အကျယ်အဝန်း ၃၈
၂၄။ ဘုရားသမိုင်း သရုပ်ဖော် ပန်းချီကားချပ်ကြီးများ ၄၄
၂၅။ ထီးတော်၊ ငှက်မြတ်နားနှင့် စိန်ဖူးတော် ၄၆
၂၆။ ပလ္လင်တော် ၄၇
၂၇။ ကိုးဘုံတန်ဆောင်း၊ ဒေါ်သန့်တန်ဆောင်း (ကပြားတန်ဆောင်း)၊ ၄၈
၂၈။ ဦးမှင်တန်ဆောင်း၊ ဒေါ်လုံမလေး သံတန်ဆောင်း၊ မြောက်ဘက်စောင်းတန်းကြီး၊ ၄၉
၂၉။ အနောက်ဘက်စောင်းတန်းကြီး၊ အရှေ့ဘက်စောင်းတန်းကြီး၊ တောင်ဘက်စောင်းတန်းကြီး ၅၀

ပြည်တော်ပြန်ဘုရားသမိုင်း

၃၀။ ပေါင်းကူးတိုက်များ၊ ကိုးနဝင်းစေတီတော်နှင့် ဗောဓိပင် ၅၁
၃၁။ တံခွန်တိုင်၊ ပိဋကတ်တိုက် ရတနာဗိမာန်တော်ကြီး ၅၂
၃၂။ ဂေါပကအဖွဲ့ရုံး၊ သာသနာနန္ဒဗိမာန်တော်ကြီး၊ မေတ္တာဝါဒီ အာရုံခံတန်ဆောင်း၊ ၅၃
၃၃။ သစ္စာကာရီ အာရုံခံတန်ဆောင်း၊ ဦးရွှေပွင့် ခေါင်းလောင်း၊ ဒေါ်ရှမ်းမ ခေါင်းလောင်း ၅၄
၃၄။ ခြင်္သေ့အလှူရှင်များ၊ မဟာရာမ်တံတိုင်း၊ ရေချမ်းစင်များ ၅၅
၃၅။ တည်းခိုဆောင်၊ ဝတ္တကမြေ လှူဒါန်းခြင်း ၅၆
၃၆။ မုနိလေးဆူ ဉာဏ်တော်များ ၅၆
၃၇။ အမိန့်တော်ရ ရှေ့နေ ဦးပု၏ လေးချိုးကြီး ၅၇
၃၈။ မဟာမုနိပျို့ (ကောက်နုတ်ချက်) ၅၉
၃၉။ နိဂုံး ၆၄
၄၀။ သမိုင်းပြုစုရေးအဖွဲ့ အမည်စာရင်း နောက်ဆက်တွဲ (က) ၆၇
၄၁။ ကျမ်းကိုးစာရင်း နောက်ဆက်တွဲ(ခ) ၆၈

www.burmeseclassic.com

www.burmeseclassic.com



# နိဒါန်း

မာရ်အောင်မြင် ပြည်တော်ပြန် ရုပ်ပွား ဆင်းတုတော်မြတ်ကြီးသည် ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင် ဇလွန်မြို့တွင် ကိန်းဝပ် စံပယ်တော်မူခဲ့သည်။ မြတ်စွာဘုရား ကိုယ်ပွား၊ ကိုယ်စားတော်အဖြစ် ကြည်ညိုဖူးမဝ ရှိကြသည့်အပြင် ရုပ်ပွားဆင်းတုတော်၏ ဖြစ်စဉ်သမိုင်းကိုလည်း ရဟန်းရှင်လူ ပြည်သူ အပေါင်းတို့က သိလိုကြသည်။ ဤဆန္ဒပြည့်ဝရေးနှင့် တိကျမှန်ကန်သော ဘုရားသမိုင်း ဖြစ်ရေးတို့အတွက် ဆောင်ရွက်ပေးရန် ဂေါပကအဖွဲ့ အဆက်ဆက်တို့မှာ တာဝန်ရှိခဲ့ပါသည်။

ဂေါပကအဖွဲ့ အဆက်ဆက်တို့က ဤဘုရားသမိုင်း မပြုစုမီ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ်တွင် ဆရာကြီးဦးမောင်ရှင်း ပြုစုသော ဘုရားသမိုင်း အကျဉ်းစာအုပ်ကို ထုတ်ဝေခဲ့ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး၏ ဘက်စုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည် ပေါ်လာသည်နှင့်အမျှ ဤဘုရားသမိုင်း အကျဉ်းစာအုပ်မှာလည်း တင့်တယ်ခံ့ညားမှု လိုအပ်လာပါတော့သည်။ ထပ်မံဖြည့်စွက် ဖော်ပြရန် အချက်အလက် အကြောင်းအရာများလည်း မလွဲမရှောင်သာ ပေါ်လာခဲ့ပါသည်။

ထို့ကြောင့် ဘုရားသမိုင်းအသစ် ပြန်လည်ရေးသား ထုတ်ဝေရန် ဩဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်ကြသော-

-ဘဒ္ဒန္တနန္ဒိယ (ချောင်းကြီးကျောင်းဆရာတော်) ဥက္ကဋ္ဌ
-ဘဒ္ဒန္တဝဏ္ဏိတ (ကျွန်းကြီးကျောင်းဆရာတော်) အဖွဲ့ဝင်
-ဘဒ္ဒန္တဝါယမ (ရေလဲသင်္ဘောဆိပ်ကျောင်းဆရာတော်) ။
-ဘဒ္ဒန္တဇမ္ဗုဘိဝံသ (မဟာနာဂဝံသကျောင်းဆရာတော်) ။
-ဘဒ္ဒန္တတေဇဝန္တ (ကော့ကပ်ကြီးကျောင်းဆရာတော်) ။

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| -ဘဒ္ဒန္တ ပဏ္ဍိတ (အုပ်ရှစ်ကွင်းကျောင်းဆရာတော်) | အဖွဲ့ဝင် |
| -ဘဒ္ဒန္တ ကောသလ္လ (ဂန္ဓာရုံကျောင်းဆရာတော်) | ။ |
| -ဘဒ္ဒန္တ ဝါယမိန္ဒ (အင်္ဂဗိုလ်ကျောင်းဆရာတော်) | ။ |
| -ဘဒ္ဒန္တ စိန္တိတ (မြို့မောင်းထောင်ကျောင်းဆရာတော်) | အတွင်းရေးမှူး |

တို့အား (၂၂-၅-၉၆)နေ့မှစတင်၍ ယာယီဂေါပကအဖွဲ့ တာဝန်ထမ်းဆောင်ခဲ့သော ဥက္ကဋ္ဌ ဦးမောင်လှိုင်(ဥက္ကဋ္ဌ၊ လမ်းမတော်တောင်ရပ်ကွက်၊ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့)၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးအုန်းသောင်း (မြို့နယ် တရားသူကြီး)၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးစိုးဝင်း (ကြီးကြပ်ရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ်)၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးကျော်သန်း (အငြိမ်းစား၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)၊ ဦးအောင်သန်း (ရွှေပန်းထိမ်လုပ်ငန်းပိုင်ရှင်)၊ ဦးတင်ငွေ (ကုန်သည်)၊ ဦးစိုးလွင်(အငြိမ်းစား၊ မြန်မာ့ကုန်လှောင်ပစ္စည်းလုပ်ငန်း)၊ ဦးအောင်ချိန် (ဦးစီးအရာရှိ-ဆည်မြောင်းဦးစီးဌာန)၊ ဦးအောင်ပြေ (ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံး)၊ ဦးမောင်ရှိန် (ကုန်သည်)၊ ဦးကြည်ဝင်း (တာဝန်ခံ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၊ ဦးမြင့်ဆွေ (မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)၊ ဦးရဲမြင့် (မြို့နယ်မန်နေဂျာ၊ မြန်မာ့ ဂုန်လှောင်ပစ္စည်းလုပ်ငန်း)၊ ဦးဇော်ထွန်း (မန်နေဂျာ၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း)၊ ဦးလှကြည် (မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)၊ ဦးဝင်းကြိုင် (မြို့နယ်မြေစာရင်းဦးစီးဌာနမှူး)၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းတင်(သစ်တောအုပ်ကြီး)၊ အတွင်းရေးမှူး ဦးတိုးမြင့် (ဒုတိယမြို့နယ်ဥပဒေအရာရှိ)တို့က (၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၁၁)ရက် (၅-၁၂-၉၆)နေ့တွင် ပင့်လျှောက်၍ ဩဝါဒခံယူခဲ့ပါသည်။ မြို့နယ်အတွင်းရှိ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များ၏ အကူအညီကိုလည်း ရယူခဲ့ပါသည်။

ဆရာတော်ကြီးများ၏ ခွင့်ပြုမှု၊ သက်ဆိုင်ရာ အုပ်ချုပ်မှု အဖွဲ့အစည်းအဆင့်ဆင့်တို့၏ သဘောတူညီမှု၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၏ ကူညီရေးသားမှုတို့ဖြင့် ဤဘုရားသမိုင်းအသစ်ကို ထည်ဝါခံ့ညားစွာ ထုတ်ဝေ



လိုက်ခြင်း ဖြစ်ပါသည်။

သမိုင်းဖြစ်စဉ် အသီးသီးတို့သည် တစ်သမတ်တည်း ရပ်တန့်နေမည်မဟုတ်ပါ။ ပြုပြင်ပြောင်းလဲနေမည်ဖြစ်၍ ပြုပြင်ပြောင်းလဲသည့်အခါတိုင်း ထပ်မံ၍ မှတ်တမ်းတင်ခြင်းကို လက်ဆင့်ကမ်း ဆောင်ရွက်သွားမည်သာ ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ သာသနာ (၃)ရပ် အရှည်တည်တံ့ပြီး ပြန့်ပွားစည်ပင်ရေး အနက် ဤဘုရားသမိုင်း စာအုပ်သည် အထောက်အပံ့ တစ်ခုအဖြစ်လည်းကောင်း၊ ဘုရားကြီး၏ သမိုင်းဖြစ်ရပ်မှန်တို့အား နောင်လာနောင်သားများ အလွယ်တကူ သိရှိကြည်ညိုနိုင်ရန် လည်းကောင်း၊ ဓမ္မဒါနပြုရင်း ဂေါပကအဖွဲ့ အဆက်ဆက်တို့၏ မှုပိုင် စာအုပ်အဖြစ်လည်းကောင်း ရည်ရွယ်ဆန္ဒ ရှိခဲ့ကြပါသည်။

ဤမှန်သော သစ္စာ၊ ဖြူစင်သော ဆန္ဒဖြင့် ရတနာသုံးပါး အမြတ်တရားတို့အား ပူဇော်ကန်တော့လျက် မာရ်အောင်မြင် ပြည်တော်ပြန်ဘုရား ဆင်းတုတော်ကြီးနှင့်အတူ ဘုရားကြီး ပရိဝုဏ်အတွင်းရှိ သာသနိက အဆောက်အအုံအားလုံးတို့၏ သမိုင်းအား မှတ်တမ်းတင်လိုက်ရပါသည်။

## စိရံ တိဋ္ဌတု သဒ္ဓမ္မော

| | | |
|---|---|---|
| **သဒ္ဓမ္မော** | = | သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် |
| **စိရံ** | = | အနှစ်ငါးထောင်မက ကြာမြင့်စွာ ကာလပတ်လုံး |
| **တိဋ္ဌတု** | = | တည်တော်မူပါစေသတည်း။ |

www.burmeseclassic.com

www.burmeseclassic.com



အပိုင်း (၁)

# ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် ဘုရားသမိုင်း

(နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)

## မာရ်အောင်မြင် ပြည်တော်ပြန် ဘုရားကြီး၏

### သင်းကျစ်တော်ဂါထာ (ပါဠိ)

ဩောင်း ကာသပဏ္ဍာယ ဥပသိမာ မမဓောဠိ
ဖေဟိ ဖေဟိ ဗုဒ္ဓံဝါ ဓမ္မံဝါ သံဃံဝါ သဂ္ဂေသုဝါ ဟုရံဝါ။

### လက်ယာလက်ရုံးတော်ဂါထာ (ပါဠိ)

သံသာရ စက္က ဝိဒ္ဓံသံ
သံသုဒ္ဓ မဿ ဩရဿံ။
သံဆိန္နကံ ဘဝေ အာသံ။
သံဃံ အပိသုမာနသံ။

### လက်ဝဲလက်ရုံးတော်ဂါထာ (ပါဠိ)

တံ မေ သ ဒိ ကော မံ သု ရေ၊
သော အ ပ နာ ပ သု သု ပိ။
အ ဓံ သိ တိ ဖု ဝိ သိ ဝေ၊
က ကော က ဂေါ နမာမဟံ။

### စမ္မခဏ်ဂါထာတော် (ပါဠိ)

ဣတိပိ ပိဋကတ္တယံ အနိစ္စံ ဒုက္ခံ အနတ္တံ
သတ္တဗောဇ္ဈင်္ဂေါ အဋ္ဌင်္ဂိကော မဂ္ဂေါ
စတုပဋ္ဌာနံ သဗ္ဗသက္ကန္ဓော သဟာဿသူရိယော
ဩောင်း နမောမေတ္တာနံ ရာဇဘယံ စောရာဘယံ
ဥဒကဘယံ အဂ္ဂိဘယံ သတ္တဘယံ သဗ္ဗဘယံ
ဇေယျော ဇယတုမင်္ဂလံ
အနိစ္စံ သခ်တံ ပဋိစ္စသမုပ္ပန္နံ
ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ ခမတိ။



## မာရ်အောင်မြင် ဘုရားဆင်းတုတော်၏ သမိုင်းအစ

သုံးလောကထွတ်ထား ဂေါတမ ရှင်တော်မြတ်ဘုရားသည် မဟာသက္ကရာဇ် (၆၇)ခုနှစ်၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၌ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒန မင်းကြီး၏ တောင်ညာဒေဝီ မိဖုရားကြီး မယ်တော်မာယာဝမ်း၌ ပဋိသန္ဓေယူခဲ့သည်။ ဆယ်လပြည့်သောအခါ မဟာသက္ကရာဇ် (၆၈)ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ် ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်တို့၏ အကြားရှိ လုမ္ဗိနီသာမော အင်ကြင်းတော၌ မီးရှူးသန့်စင် ဖွားမြင်တော်မူပါသည်။ သက်တော် (၁၆)နှစ်အရွယ်တွင် ယသော်ဓရာမင်းသမီးနှင့် ထိမ်းမြားရ၍ မင်းစည်းစိမ်ကို (၁၃)နှစ်ကြာ ခံစားတော်မူခဲ့သည်။ သက်တော် (၂၉)နှစ်အရွယ် မဟာသက္ကရာဇ် (၉၇)ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် ယသော်ဓရာဒေဝီမှ သားတော် ရာဟုလာ ဖွားမြင်သောအခါ တောထွက်တော်မူခဲ့ပြီး (၆)နှစ်ကြာ ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူသည်။ မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့်နေ့၌ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူကာ ဝေနေယျသတ္တဝါတို့အား တရားရေအေး တိုက်ကျွေးတော်မူစဉ် ဝါတော်(၂၀)ခန့် ရောက်တော်မူသည်တွင် ရက္ခပုရ တိုင်း၊ ဓညဝတီ ရခိုင်ပြည်၌ သီရိရာဇာမင်းနှင့် မိဖုရား ဝိမလဒေဝီတို့ ထီးနန်းစိုးစံခဲ့သည်။ သားတော် စန္ဒသူရိယမင်းသား တစ်ဦးဖွားမြင်ပြီး သီရိရာဇာမင်းသည် သက်တော် (၅၇)နှစ်တွင် နတ်ရွာစံခဲ့လေသည်။ သားတော် စန္ဒသူရိယ မင်းသားသည် စန္ဒမာလာ မင်းသမီးကို မိဖုရားမြှောက်၍ ရွှေထီးရွှေနန်းကို သိမ်းမြန်းစိုးစံလာခဲ့လေသည်။

တစ်နေ့သောအခါ မဇ္ဈိမဒေသ (အိန္ဒိယပြည်)၌ သဗ္ဗညု မြတ်စွာဘုရား ပွင့်တော်မူကြောင်း မင်္ဂလာသတင်းစကား ကြားရရုံဖြင့် မြတ်စွာဘုရားအား ကြည်ညိုဖူးမြော်လိုစိတ် ပြင်းပြလာခဲ့ရသည်။ ဆန္ဒပြင်းပြခဲ့သော်လည်း မြတ်စွာဘုရားအား ပင့်နိုင်သူ မရှိခဲ့၍ ကိုယ်တိုင်ဖူးမြော်ခွင့် မကြုံခဲ့ရပေ။ ထို့ကြောင့် စန္ဒသူရိယမင်းသည် စက်တော်မခေါ်၊ ပွဲတော်မတည်၊ စိတ်မကြည်ဘဲ ပဒုမ္မာပန်းနေမှာ လှန်းသကဲ့သို့ စိတ်ရောကိုယ်ပါ ညှိုးနွမ်း၍ ဆင်းရဲဒုက္ခ ခံစားနေရရှာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒသူရိယမင်း၏ နှမငယ်ဖြစ်သော ဥဒုမ္ဗရဒေဝီ မင်းသမီး မြင်လျှင် သူ့မောင်တော်အတွက် အစီအမံများ ပြုလုပ်ခဲ့လေသည်။ ပညာရှိ၊ ပုဏ္ဏား၊ မှူးမတ်တို့နှင့် တိုင်ပင်ပြီး အရဟံဂုဏ်တော်ကို ရည်စူး၍ ဆီမီး၊ ပန်း၊ နံ့သာ၊ ပေါက်ပေါက်တို့ဖြင့် မြတ်စွာဘုရားအား ပင့်လျှောက်တော်မူလေသည်။ စန္ဒသူရိယမင်းလည်း ပညာရှိတို့ စကားအတိုင်း ဝမ်းမြောက်ဝမ်းသာ နာယူလျက် ခုနစ်ရက်ပတ်လုံး ပူဇော်ပင့်လျှောက်ခဲ့သည်။

ဂေါတမမြတ်စွာဘုရားလည်း ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းစံပယ်တော်မူနေစဉ် သဗ္ဗညုတ ဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်ရှုတော်မူသောအခါ စန္ဒသူရိယမင်း၏ ပင့်လျှောက်မှုကို မြင်တော်မူခဲ့သည်။

မြတ်စွာဘုရားရှင်သည် အတိတ်သံသရာဘဝကို ပြန်လည်ကြည့်ရှုတော်မူသောအခါ ဘဝပေါင်းလေးဆယ်လုံးလုံး ချစ်ခင်ရင်းနှီးသူအဖြစ် နေထိုင်တော်စပ်ခဲ့ဖူးကြောင်း မြင်တော်မူသည်။ စန္ဒသူရိယမင်းထံ ကြွပြီး ရုပ်ပွားဆင်းတုတော်များ ဖန်ဆင်းခွင့်ပြုပေးခြင်းဖြင့် "ငါ့ ဘုရားသာသနာ စည်ပင်ထွန်းကားလိမ့်မည်"ဟူ၍လည်း မြင်တော်မူခဲ့သည်။

ထို့ကြောင့် မဟာသက္ကရာဇ် ၁၂၃ ခုနှစ်၊ ကဆုန်လတွင် ညီတော်အာနန္ဒာနှင့်တကွ ရဟန္တာငါးရာ ခြံရံတော်မူ၍ စန္ဒသူရိယမင်းထံ ကြွချီတော်မူခဲ့သည်။

စန္ဒသူရိယမင်းလည်း မြတ်စွာဘုရား ကိုယ်တော်တိုင် ကြွလာတော်မူသောအခါ ဝမ်းသာရွှင်လန်း ပီတိဖြန်းကာ ဆီမီး၊ ပန်း၊ နံ့သာ၊ လှူဖွယ်ရာအစုံစုံတို့ဖြင့် လှူဒါန်းပူဇော်ခဲ့သည်။ အခမ်းအနား မင်္ဂလာသဘင်ကို စီရင်ပြုလုပ်၍ မြတ်စွာဘုရားရှင်နှင့် ရဟန္တာတို့အား ခုနစ်ရက်ပတ်လုံး နေ့ညမပြတ် ပူဇော်သက္ကာရ ပြုတော်မူခဲ့သည်။

မြတ်စွာဘုရားသည် စန္ဒသူရိယမင်းအား မင်းကျင့်တရား ဆယ်ပါးနှင့် ဒါနကထာစသော တရားတော်မြတ်တို့ကို ဟောကြားတော်မူခဲ့သည်။ တရားတော်ကို ကြားနာရသော စန္ဒသူရိယမင်းနှင့် ပြည်သူအပေါင်းတို့သည် သဒ္ဓါ၊ သီလ စသော သူတော်ကောင်း တရားတို့ဖြင့် သရဏဂုံ တည်ခဲ့ကြလေသည်။



စန္ဒသူရိယမင်းသည် မြတ်စွာဘုရားအား လွန်ကဲစွာ ကြည်ညိုခဲ့သည်။ ရတနာမျိုးစုံ စီခြယ်သော ရွှေကျောင်းတော်ကြီးကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထိုကျောင်းတော်တွင် မြတ်စွာဘုရား သီတင်းသုံးနေတော်မူပြီး နေ့ညမပြတ် တရားရေအေး တိုက်ကျွေးတော်မူခဲ့၍ သူတော်စင်အချို့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်များ တည်ခဲ့ကြလေသည်။

တစ်နေ့သောအခါ မြတ်စွာဘုရားက စန္ဒသူရိယမင်းအား အခြားသတ္တဝါ ဝေနေယျတို့အတွက် တရားရေအေး တိုက်ကျွေးရန် ဇေတဝန်မှ ပြန်ကြွတော့မည့်အကြောင်း မိန့်တော်မူလေသော် စန္ဒသူရိယမင်းလည်း ပူပန်ဆင်းရဲခြင်း လွန်မင်းစွာ ဖြစ်ခဲ့ရတော့သည်။ ထို့ကြောင့် မြတ်စွာဘုရားသည် စန္ဒသူရိယမင်းအား လောကဓံတရား ရှစ်ပါးကို ဟောကြားတော်မူပြီး ပူပန်ဆင်းရဲမှုကို သက်သာစေခဲ့သည်။

ထို့နောက် စန္ဒသူရိယမင်းသည် မြတ်စွာဘုရားအား မင်းနှင့်တကွ ရဟန်းရှင်လူ ပြည်သူအပေါင်း ဖူးမြော်ဆည်းကပ် ကိုးကွယ်နိုင်ရန် အရှင်ဘုရားကိုယ်စား နိမ္မိတရုပ်ပွားကို တည်ထားသွန်းလုပ်ခွင့် ပြုတော်မူရန် လျှောက်ထားခဲ့သည်။

ထိုအခါ မြတ်စွာဘုရားသည် နှစ်သက်ကြည်ဖြူ သဘောတူခွင့်ပြုတော်မူလိုသည့် ဆန္ဒတော်ဖြင့် ဆင်ခြင်တော်မူသည်မှာ ရှေးဘဝအခါက ဤမင်းသည် ငါဘုရား၏ မိတ်ဆွေရင်း ဖြစ်ခဲ့ဖူးပြီး၊ တစ်ဦးနှင့်တစ်ဦး တစ်ရပ်တစ်ရွာသို့ ဝေးကွာစွာ နေရသောအချိန်တွင် ငါ့မျက်နှာတော်ကို မတွေ့မမြင်ရက မရွှင်မပျ ဖြစ်ခဲ့ဖူးပြီ။ ဘဝလေးဆယ် ကာလပတ်လုံး ဤသို့ ဖြစ်ခဲ့ဖူးသောကြောင့် ယခုတွင်လည်း ငါဘုရား၏ကိုယ်စား နိမ္မိတ ကိုယ်ပွားတော် ထားခဲ့မှသာလျှင် သူ့အာသာဆန္ဒလည်း ပြည့်ဝ၍ ငါဘုရား သာသနာတော်လည်း အရှည်တည်တံ့မည့်အကြောင်း ဆင်ခြင်တော်မူပြီး ခွင့်ပြုတော်မူခဲ့လေသည်။

စန္ဒသူရိယမင်းသည် မြတ်စွာဘုရားထံမှ ခွင့်ပြုတော်မူချက် ရလျှင်ရချင်း ရုပ်ပွားတော်သွန်းလုပ်ရန် အလျင်အမြန် စီမံဆောင်ရွက်ခဲ့လေသည်။ ဗုဒ္ဓပူဇနိယ သဘင်ကြီးကို သိရိဂုတ်တောင်တော်ပေါ်တွင် ခုနစ်ရက်ပတ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ခမ်းနားကြီးကျယ်စွာ ကျင်းပသည်။ စကြဝဠာအရပ်ရပ်မှ လာကြကုန်သော ဗြဟ္မာ၊ သိကြား၊ နတ်၊ လူပရိသတ် အားလုံးစုံတို့၏ လျှုဒါန်းပါဝင်သော ရတနာမျိုးစုံ (၆၅)တင်းမျှ ရရှိခဲ့သည်။

မြတ်စွာဘုရားက သိကြားမင်းနှင့် ဝိသကြုံနတ်သားတို့ကို ခေါ်တော်မူ၍ ငါ၏ကိုယ်နှင့် အတိုင်းအရှည်ပမာဏ ညီမျှမှန်ကန်သော ရုပ်ရှင်တော်မြတ်ကို သွန်းလုပ်စေဟု မိန့်တော်မူပြီးလျှင် မြတ်စွာဘုရားကိုယ်တော်တိုင် ရတနာမျိုးစုံတို့ကို အပ်နှင်း ပေးသနားတော်မူလိုက်သည်။

သို့ဖြစ်၍ ဗြဟ္မာ၊ နတ်၊ လူ စုပေါင်းကာ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား မဟာသက္ကရာဇ် (၁၂၃)ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညနေချမ်း၌ စတင် သွန်းလုပ်ကြလေသည်။ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၏ ဉာဏ်တော်မှာ စမ္မခဏ်အလွတ် (ခြောက်တောင်တစ်မိုက်) ရှိပြီး ဘူမိဖဿ မုဒြာ (ဘင်ပျဉ်ခွေ) ထိုင်တော်မူပုံ ဖြစ်ပါသည်။ သွန်းလုပ်ပြီးသောအခါတွင် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၏ ဦးခေါင်းတော်မှာ မဆက်စပ်ဘဲ ကွာဟနေသဖြင့် သုံးကြိမ်သုံးတန် သွန်းလုပ်တော်မူခဲ့ရသည်။

သုံးကြိမ်သုံးတန် သွန်းလုပ်တော်မူသော်လည်း ကွာဟမြဲ ကွာဟနေသဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင် ရင်ငွေ့တော်လှုံပြီး လက်ဝါးတော်နှင့် ခုနစ်ကြိမ် သုံးသပ်တော်မူမှ ချောမောစွာ ဆက်စပ်တော်မူသည်။

ဆက်လက်၍ မြတ်စွာဘုရားကိုယ်တော်တိုင် "ညီတော်မုနိ ငါ၏ ကိုယ်စား လူနတ်အများ၏ စီးပွားချမ်းသာ ဆောင်ရစ်ပါလော့"ဟု မိန့်တော်မူလေသည်။

**(စေတီယ ပကာသနီကျမ်း၌ ဖော်ပြသော မဟာမုနိ သွန်းလုပ်ခြင်းမှ ကိုးကားပါသည်။)**

မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး သွန်းလုပ်ပြီးချိန်တွင် ရွှေ၊ ငွေ၊ ကြေး၊ ကျောက်မျက်ရတနာများ ပိုလျှံကျန်နေခဲ့သည်။ သို့ပါ၍ မြတ်စွာဘုရားအား ဆက်လက်လျှောက်ထားပြန်ရာ ခွင့်ပြုတော်မူသဖြင့် နောက်ထပ် ဗုဒ္ဓရုပ်ပွားတော် သုံးဆူကို ဆက်လက် သွန်းလုပ်ကြပြန်သည်။



ပထမ သွန်းလုပ်ပြီးသော မုနိမှာ မဟာမုနိ၊ ဒုတိယသွန်းလုပ်သော မုနိမှာ ရှင်ကျော်မုနိ၊ တတိယ သွန်းလုပ်သော မုနိမှာ ရွှေဘုံသာမုနိနှင့် စတုတ္ထ သွန်းလုပ်သော မုနိမှာ မာရ်အောင်မြင်မုနိ ဘုရားတို့ ဖြစ်ကြသည်။

ထို မုနိလေးဆူတို့သည် အစဉ်အတိုင်း ဉာဏ်တော်ငယ်ကြပြီး တင်ပျဉ်ခွေပုံတော် ရတနာကြေးဆင်းတုတော်များသာ ဖြစ်ကြသည်။

မာရ်အောင်မြင် ဆင်းတုတော်မှာ အငယ်ဆုံးဖြစ်ပြီး ဉာဏ်တော်မှာ (စမ္မခဏ်အလွတ်) နှစ်တောင် ဆယ်လက်မ ရှိသည်။ အချိန်အားဖြင့် (၆၆၆) ပိဿာနှင့် (၆)ကျပ်သား ရှိသည်။ သက်တော်ထင်ရှား မြတ်စွာဘုရား၏ မာရ်ငါးပါးကို အောင်မြင်တော်မူသော အတိတ်ကို ဆောင်၍ "မာရ်အောင်မြင်"ဟု ဘွဲ့တော်ပေးခဲ့ခြင်း ဖြစ်သည်။

ရခိုင်ပြည် ဓညဝတီ၊ စန္ဒသူရိယမင်းသည် သက်ရှိထင်ရှား မြတ်စွာဘုရား၏ ကိုယ်စား၊ ကိုယ်ပွားဆင်းတုတော် လေးဆူ သွန်းလုပ်ကိုးကွယ်ခွင့်ရခဲ့သည့်အတွက် ပီတိသောမနဿ ဖြစ်ခဲ့ရသည်။ ခမ်းနားကြီးကျယ်သော ဘုံနန်း ပြာသာဒ်အတွင်းဝယ် မဟာမုနိဘုရား၊ လက်ယာတော်ရံ မာရ်အောင်မြင်ဘုရား၊ လက်ဝဲတော်ရံ ရွှေဘုံသာဘုရားနှင့် ရှင်ကျော်ဘုရား လေးဆူတို့အား ကိုးကွယ်ထားခဲ့တော်မူသည်။

စန္ဒသူရိယမင်း နတ်ရွာစံတော်မူပြီးသည်အထိ ရခိုင်ဓညဝတီမင်းအဆက်ဆက်တို့လည်း ဘုရားလေးဆူအား ရှေးမူမပျက် တိုး၍တိုး၍ သဒ္ဓါရိုကျိုးစွာဖြင့် ပူဇော်ကိုးကွယ်ခဲ့ကြလေသည်။

## ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား၏ သားတော် အိမ်ရှေ့မင်းသား သီဟသူရက ဘုရားလေးဆူအား ရခိုင်ဓညဝတီမှ အမရပူရသို့ ပင့်ဆောင်ခြင်း

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် သက္ကရာဇ် (၁၁၁၄) မှ (၁၁၂၂)အထိ ရွှေဘိုမြို့ကို ရတနာသိင်္ခဟု သမုတ်၍ မင်းလုပ်ကာ ကုန်းဘောင် မင်း (၁၁)ဆက်ကို စတင်တည်ထောင်ခဲ့သည်။ ယင်း၏ စတုတ္ထသားတော် ကုန်းဘောင်မင်း (၆)ဆက်မြောက် ဗဒုံမင်းခေါ် ဘိုးတော်ဘုရားသည် အင်းဝမှ

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းရွှေ့ကာ (၁၁၄၃ မှ ၁၁၈၁)အထိ အမရပူရ ရွှေနန်းတော်ကို အသစ်တည်ထောင်၍ အုပ်ချုပ်စိုးစံခဲ့သည်။

ဘိုးတော်ဘုရား၏ သားတော် အိမ်ရှေ့မင်း သီဟသူရသည် သက္ကရာဇ် (၁၁၄၆)ခုနှစ်၊ ပြာသိုလတွင် ဓညဝတီသို့ ချီတက်တော်မူပြီး တပေါင်းလနေပြည်တော်သို့ အပြန်ခရီးတွင် ရဟန်းရှင်လူ ပြည်သူအပေါင်း ကိုးကွယ်ပူဇော်ရန် မဟာမုနိ၊ ရှင်ကျော်မုနိ၊ ရွှေဘုံသာမုနိ၊ မာရ်အောင်မြင်မုနိ ဘုရား (၄)ဆူကို ပင့်ဆောင်တော်မူခဲ့သည်။ ဤတွင် ဓညဝတီမှ ရဟန်းရှင်လူတို့၏ လျှောက်ထား တောင်းပန်မှုကြောင့် "ရှင်ကျော်မုနိ" ဘုရားတစ်ဆူကို ဓညဝတီတွင် ကိုးကွယ်ရန် ထားရစ်တော်မူခဲ့သည်။

ဆက်လက်၍ ကျန်ဘုရားသုံးဆူအား ရခိုင်ရိုးမတောင်တန်း တောင်စဉ်တို့ကို ကျော်ဖြတ်၍ တောင်ကုတ်တောင်ကြားလမ်းမှ ပြည်တစ်ဘက်ကမ်း ဆင်တဲအရပ်သို့ ပင့်ဆောင်လာခဲ့သည်။ ဆင်တဲရွာအထက် ပြည်မြို့ အနောက်ဘက်ကမ်းတစ်နေရာတွင် ညအိပ်တပ်စခန်းချ၍ ရပ်နားခဲ့သည်။

ထိုအချိန်တွင် ရခိုင်လူမျိုးများနှင့်တကွ တပ်စခန်းချရာ အနီးအနားရှိ ရွာသူရွာသားများက ဘုရားတစ်ဆူ ကိုးကွယ်ခွင့်ပြုတော်မူရန် အိမ်ရှေ့မင်းသားအား အသနားခံ လျှောက်တင်ကြပြန်သည်။ ထို့ကြောင့် အိမ်ရှေ့မင်းသားသည် "ရွှေဘုံသာမုနိ" ဘုရားဆင်းတုတော် တစ်ဆူအား ကိုးကွယ်ခွင့် ပေးတော်မူခဲ့ပြန်သည်။ ထိုဘုရားကို အစွဲပြု၍ တပ်စခန်းချရာ ဇနပုဒ်ရွာငယ်အား ရွှေဘုံသာရွာဟု အမည်တွင် စေခဲ့သည်။ ယနေ့အထိ ရွှေဘုံသာရွာမှာ ပြည်မြို့အနောက်ဘက်ကမ်းတွင် တည်ရှိပြီး၊ ရှေးဟောင်းစေတီတော်ကြီး တစ်ဆူ၏ ဌာပနာတိုက်ထဲတွင် ရွှေဘုံသာဘုရားရှိနေကြောင်း(ရွှေဘုံသာဘုရားသမိုင်း စာအုပ်အရ) သိရှိရပါသည်။

အိမ်ရှေ့မင်းသားသည် မင်္ဂလာဖောင်တော်ယာဉ်ဖြင့် "မဟာမုနိ"၊ "မာရ်အောင်မြင်" ဘုရားနှစ်ဆူကိုသာ တင်ဆောင်လျက် ဧရာဝတီမြစ်ကြောင်းမှ ပင့်ဆောင်တော်မူခဲ့သည်။ အမရပူရ ရွှေနန်းတော်သို့ ဆိုက်ရောက်လေလျှင် မြို့တော်၏ မြောက်ပြင်အရပ် ယခုမဟာမုနိဘုရားကြီး ကိန်းဝပ်စံပယ်တော်မူသောနေရာတွင် အုတ်ဂန္ဓကုဋိတိုက်တော်ကြီး တည်ဆောက်လျက် မဟာမုနိရုပ်ရှင်



တော်မြတ်ကြီးအား ကိုးကွယ်ထားခဲ့တော်မူသည်မှာ ယနေ့တိုင်အောင်ဖြစ်သည်။

မာရ်အောင်မြင် ဆင်းတုတော်အား နန်းတော်ဦးတွင် ရွှေပြာသာဒ်နှင့်တည်ထားကိုးကွယ်ခဲ့ကြလေသည်။ ထိုအချိန်မှစ၍ နန်းတော်ဦးတွင် ကိုးကွယ်ထားသောကြောင့် "နန်းဦးဘုရား"ဟု ဘွဲ့တော်တစ်ဆူ တွင်လာခဲ့ရသည်။

ဘိုးတော်မင်း၊ အိမ်ရှေ့မင်း၊ ဘကြီးတော်မင်း၊ ကုန်းဘောင်မင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းသား၊ ကနောင်မင်းသားတို့ အဆက်ဆက်တွင် နန်းတော်ဦး၌ ကိုးကွယ်ရင်း ဆုတောင်းပြည့်လွန်း၍ "ဆုတောင်းပြည့်" ဘုရားဟုလည်း နောက်ထပ် ဘွဲ့တော်တစ်ဆူ ပေါ်ပေါက်ခဲ့ရပြန်သည်။

ထိုမာရ်အောင်မြင် (ခေါ်) နန်းဦးဘုရား (ခေါ်) ဆုတောင်းပြည့်ဘုရား၌ မင်းညီမင်းသားများ ဆုတောင်းပြီး ပုန်ကန်မည်ကို စိုးရိမ်ခဲ့သဖြင့် မင်းအဆက်ဆက်တို့က မင်းညီမင်းသားများ မဖူးရဟုပင် တားမြစ် အမိန့်ထုတ်ခဲ့ကြောင်းလည်း သိရှိလေ့လာရပါသည်။

## မာရ်အောင်မြင်ဘုရားနှင့် ဇလွန်မြို့သူကြီး ဦးရွှေပွင့်

ရခိုင် ဓညဝတီမှ အမရပူရအထိ ရောက်ရှိ သီတင်းသုံးနေတော်မူစဉ်အတွင်း ဘွဲ့တော်(၃)မျိုး ထင်ရှားခဲ့သော မာရ်အောင်မြင်ဘုရားကြီးသည် ဇလွန်မြို့ မြို့သူကြီး ဦးရွှေပွင့်နှင့် ပတ်သက်၍ ဇလွန်မြို့နှင့် အကြောင်းဆုံဆည်းလာခဲ့သည်။

မင်းအဆက်ဆက် ဖြတ်သန်းကာ ကုန်းဘောင်မင်းဆက်(၉)ဆက်မြောက် သက္ကရာဇ် (၁၂၀၈) မှ (၁၂၁၄) အမရပူရကို အုပ်ချုပ်တော်မူသော ပုဂံမင်းလက်ထက်တွင် ပုဂံမင်းက (အတွင်းဝန် သတိုးမင်းကြီး မဟာမင်းလှဓနော်ရထာ)အား ဇလွန်မြို့ကို အပိုင်စားပေးခဲ့သည်။ ထိုမြို့စားကြီးမှ "ဦးရွှေပွင့်" အား မြို့သူကြီး ခန့်ထား၍ ဇလွန်မြို့ကို အုပ်ချုပ်စေခဲ့သည်။

ဦးရွှေပွင့်သည် ပုဂံမင်း၏ မိဖုရားခေါင်ကြီး (သီရိတိလောကမဟာရတနာဒေဝီ)နှင့် ဆွေတော်မျိုးတော် တော်စပ်ခဲ့သည်။ ခမည်းတော် ကုန်းဘောင်မင်း၏ မြောက်နန်းမတော် (မင်းတုန်းမင်းနှင့် ကနောင်မင်းသားတို့၏မယ်တော်)နှင့်လည်း ရင်းနှီးကျွမ်းဝင်သူဖြစ်သည်။ ပုဂံမင်းက ချီးမြှောက်

www.burmeseclassic.com

www.burmeseclassic.com



သော (မင်းလှကျော်ထင်နော်ရထာ)ဘွဲ့၊ (မဟာသမန္တမင်းခေါင်)ဘွဲ့များကိုလည်းရရှိသူဖြစ်သည်။ ထိုခေတ်က ရွာသူကြီးကို "ကလန်"ဟုခေါ်ပြီး မြို့နှင့် ကျေးရွာများကို အုပ်ချုပ်ရသော သူကြီးကို "သံပျင်"ဟုခေါ်သည်။

ဦးရွှေပွင့်သည် "သံပျင်" သူကြီးရာထူး ရသူဖြစ်သည်။ ရာထူးတာဝန်အရ မြို့၏ အခွန်အကောက်များကို အမရပူရ နေပြည်တော်သို့ သွားရောက်ဆက်သရင်း နန်းဦးတွင် ကိုးကွယ်ထားသော မာရ်အောင်မြင် ဘုရားကြီးအား ဦးရွှေပွင့် ဖူးခွင့်ကြုံခဲ့ရသည်။

ဦးရွှေပွင့်၏ ကြည်ညိုသဒ္ဓါစိတ်ကြောင့် လည်းကောင်း၊ ဖြည့်ဆည်းခဲ့ဖူးသော ပါရမီသမ္ဘာရတို့ကြောင့် လည်းကောင်း၊ မာရ်အောင်မြင်ဘုရားကြီးနှင့် ဇလွန်မြို့သူကြီး ဦးရွှေပွင့်တို့သည် အကြောင်းဆုံဆည်းခွင့်များ ကြုံလာပါတော့သည်။

ဦးရွှေပွင့်သည် ဘုရားကြီးအား ဖူးမြော်ခွင့်ရသည့် အချိန်မှစပြီး ဇလွန်မြို့တွင်လည်း မာရ်အောင်မြင် ဘုရားကြီးကဲ့သို့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ သွန်းလုပ်ပူဇော်လိုသောဆန္ဒ ပြင်းပြခဲ့ရသည်။

## မြို့သူကြီး ဦးရွှေပွင့် အမရပူရသို့ သွားရောက်၍ ကြေးဆင်းတုတစ်ဆူ သွန်းလုပ်ခြင်း

ဇလွန်မြို့သူကြီး ဦးရွှေပွင့်သည် ဇလွန်မြို့နယ်အတွင်းမှ ကောက်ခံရရှိသော ဘဏ္ဍာတော်များကို အမရပူရရွှေမြို့တော်သို့ သွားရောက်၍ အတွင်းဝန်သတိုးမင်းကြီး မဟာမင်းလှနော်ရထာထံသို့ ဆက်သရသည်။

တစ်နေ့သော် မြို့သူကြီး ဦးရွှေပွင့်တွင် အကြံတစ်ခု ပေါ်လာသည်။ မိမိမှီတင်း နေထိုင်ရာဖြစ်သော ဇလွန်မြို့မှ ရဟန်းရှင်လူပြည်သူအများ အားထားကိုးကွယ်ဆည်းကပ်ရန် ကြေးဆင်းတုတစ်ဆူ သွန်းလုပ်ရပါက ကောင်းလေစွဟု ရဟန်းရှင်လူ၊ မြို့သူမြို့သားများနှင့် စုဝေးတိုင်ပင်ခဲ့သည်။ ယင်းအကြံကို အားလုံးကပင် တညီတညွတ်တည်း သဘောတူလက်ခံခဲ့ကြသည်။

နေပြည်တော်အမရပူရသို့ ဦးရွှေပွင့် ရောက်ရှိခိုက်တွင် ပုဂံမင်းတရားကြီးထံ ထိုအကြောင်းကို လျှောက်လွှာတင်ခဲ့သည်။ အမိန့်တော်ရသည့်အခါ ဇလွန်မြို့နယ်အတွင်းမှ ရနိုင်သမျှသော ရွှေ၊ ငွေ၊ ကြေးနှင့် ရတနာမြတ် အစုစုတို့ကို ကုသိုလ်ပါဝင်နိုင်ရန်အတွက် အမြန်အလှူခံခဲ့သည်။ မြို့သူမြို့သား၊ နယ်သူနယ်သားများကလည်း သဒ္ဒါထက်သန်စွာပင် ပါဝင်လှူဒါန်းခဲ့ကြသည်။



သက္ကရာဇ် (၁၂၁၄)ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁)ရက်နေ့တွင် ဇလွန်မြို့သူကြီး ဦးရွှေပွင့်သည် ရတနာမြတ် အစုစု ပိဿာချိန် (၁၅၀၀)မျှကိုတစ်ပေါင်းတည်း စုဆောင်းပြီး အမရပူရသို့ သွားရောက်ရန် စီစဉ်တော့သည်။ ယင်းသို့ သွားရာတွင် မိမိ၏အပေါင်းအဖော် တပည့် လက်အောက်ငယ်သားများနှင့်တကွ တင့်တယ်ခမ်းနားစွာ စီရင်ထားသော "ရန်လွင့်"ခေါ် မင်္ဂလာလှေတော်ကြီးဖြင့် ဧရာဝတီမြစ်ကြီးအား ဆန်တက်ခဲ့ရာ တပို့တွဲလဆန်း (၂)ရက်နေ့တွင် နေပြည်တော် အမရပူရသို့ အဆင်ပြေချောမောစွာ ရောက်ရှိလာခဲ့သည်။

တပို့တွဲလဆန်း (၃)ရက်နေ့ နံနက်တွင် မယ်တော်ကြီး (မိဖုရား)ထံ အကျိုးအကြောင်း သွားရောက်ပြောဆိုကြသည်။ မိဖုရားကြီးက အခြေအနေနှင့် အချိန်အခါအရ စစ်ရေးစစ်ရာများကို ပုဂံမင်းကိုယ်တိုင် ဖြေရှင်းနေရသဖြင့် နိုင်ငံ့အရေး ရှုပ်ထွေးနေကြောင်း ကြေးဆင်းတုတစ်ဆူ သွန်းလုပ်ပူဇော်ဖို့ အခွင့်မသာကြောင်း မိန့်တော်မူခဲ့သည်။ ဦးရွှေပွင့်က မိမိတစ်ဦးတည်း အတွက် မဟုတ် မြို့သူမြို့သားများ၏ ဆန္ဒအရ မဖြစ်မနေ သွန်းလုပ်မှ သင့်လျော်မည်ဟု အထပ်ထပ် လျှောက်ထားခဲ့သည်။

နောက်ဆုံးတွင် ဆင်းတုတော်တစ်ဆူ သွန်းလုပ်ပူဇော်ခွင့် ရတော့သည်။ ယင်းသို့ သွန်းလုပ်ရာတွင် အမရပူရ နန်းဦးတွင် ကိုးကွယ်ထားသည့် နန်းဦးမြတ်စွာဘုရား၏ ပုံတော်အတိုင်း ဖြစ်ပြီး ဉာဏ်တော်ကို တစ်မိုက်ခန့်ကြီး၍ သွန်းလုပ်တော်မူစေသည်။ မိဖုရားကြီးက ကြေးဆင်းတုတော်မြတ် သွန်းလုပ်ရေးကိစ္စနှင့် ပတ်သက်၍ ပန်းထိမ်ဝန် မောင်မောင်လတ်အား ခေါ်ယူပြီး တာဝန်ပေးတော်မူသည်။ မောင်မောင်လတ်ကလည်း အချိန်မီပြီးစီးရန် အထူးဝါယမစိုက်ထုတ်၍ သွန်းလုပ်ခဲ့သည်။

ဦးရွှေပွင့်သည် တန်ခိုးကြီး ဘုရား၊ ပုထိုး၊ ဆင်းတုတော်အမျိုးမျိုးကို

www.burmeseclassic.com

www.burmeseclassic.com



လှည့်လည်ဖူးမြော်ပြီး မှာကြားထားသည့် ကြေးဆင်းတု သွန်းလုပ်ရာသို့လည်း မကြာမကြာ သွားရောက်ကြည့်ရှုသည်။

## မာရ်အောင်မြင် ဆင်းတုတော်အား ဦးရွှေပွင့်က ဇလွန်မြို့သို့ ပင့်ဆောင်ခွင့်ရခြင်း

ကြေးဆင်းတုတော် သွန်းလုပ်နေသည့် ကာလဝယ် စစ်မက်ရေးရာကလည်း အရှိန်ရလာ၏။ အောက်မြန်မာနိုင်ငံ ဒေသများတွင် အင်္ဂလိပ်တို့က မုတ္တမ၊ ပုသိမ်၊ ရန်ကုန်မြို့များကို တိုက်ခိုက်သိမ်းပိုက်နေချိန်ဖြစ်သည်။အချို့မှာ မိမိတို့ အိမ်မြေ မြို့ရွာတို့ကို စွန့်လွှတ်၍ စစ်ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ကြသည်။ အဆိုပါသတင်းစကားကို မိဖုရားကြီးက ဦးရွှေပွင့်အား ပြောကြားအသိပေး၏။ ဦးရွှေပွင့်အနေဖြင့် မိမိမြို့ဒေသသို့ ပြန်ပြီး ငြိမ်ဝပ်ပိပြားမှုရှိအောင် စီမံဆောင်ရွက်သင့်သည်ဟု မိန့်တော်မူသည်။

သွန်းလုပ်ဆဲဖြစ်သည့် ကြေးဆင်းတုတော်ကလည်း အပြီးမသတ်သေး အချောကိုင်နေဆဲဖြစ်သည်။ မိဖုရားကြီး၏ တိုက်တွန်းချက်အရ မောင်မောင်လတ်ကလည်း အပူတပြင်း သွန်းလုပ်တော်မူရာ မပြီးစီးနိုင်ဘဲ ရှိတော့သည်။

ယင်းအချိန်တွင် အမရပူရ မြို့တော်ကြီး၌ပင် ငြိမ်ဝပ်ပိပြားမှု ကင်းမဲ့လာတော့သည်။ မောင်တော်ပုဂံမင်း အရေးနိမ့်ကြောင်း သိတော်မူသည့်အခါ ပိုမို၍ စိုးရိမ်သောကရောက်ပြီး ဦးရွှေပွင့်အား ဇလွန်သို့ အမြန်ဆုံးပြန်ရန် မိန့်တော်မူသည်။ ကြေးဆင်းတု သွန်းလုပ်ပြီးပါက အကြောင်းကြားလိုက်မည်ဟု ဆိုသည်။ ဦးရွှေပွင့်ကလည်း ကြေးဆင်းတု မပါ၊ မိမိတို့ချည်းသာ ပြန်ရပါက မြို့ပြန်မလှ ဖြစ်တော့မည်။ နန်းတော်ဦးတွင် ကိုးကွယ်ထားသည့် နန်းဦးဘုရားကိုပင် ခေတ္တ ပင့်ဆောင်သွားပါရစေဟု ရိုသေစွာ လျှောက်ထား အသနားခံသည်။ နိုင်ငံတော် အေးချမ်းတည်ငြိမ်သည့်အခါ မိမိတို့ သွန်းလုပ်သည့် ဘုရားကို လာရောက်ပင့်ဆောင်ရင်း နန်းဦးဘုရားကိုပါ ပြန်လည်ပို့ဆောင်ပေးပါမည်ဟု



ကတိစကား လျှောက်ထားတော်မူသည်။

မိဖုရားကြီးက သဘောကျရုံဖြင့် မပြီး မောင်တော်ပုဂံမင်း၏ မယ်တော်ကြီးထံ ခွင့်ပန်ဦးမှ သင့်တော်မည်ဆိုပြီး မယ်တော်ကြီးထံ ထပ်ဆင့်လျှောက်ထားသည်။ မယ်တော်ကြီးကလည်း ပင့်ဆောင်ရန်မသင့်ကြောင်း အထပ်ထပ်မိန့်တော်မူသည်။ နောက်ဆုံးတွင် အတွင်းဝန်မင်းက ခေတ္တခဏ ပင့်ဆောင်တော်မူခြင်းကို ခွင့်ပြုတော်မူသင့်ကြောင်း မယ်တော်ကြီးအား လျှောက်ထားပေးသည်။ မယ်တော်ကြီးကလည်း နောက်ဆုံး မတတ်သာတော့သဖြင့် နန်းဦးဘုရားအား ဇလွန်မြို့သို့ ပင့်ဆောင်ခြင်းကို ခွင့်ပြုတော်မူလိုက်သည်။

ဦးရွှေပွင့်ကလည်း မယ်တော်ကြီး၏ ခွင့်ပြုစကားကို ကြားရသည်နှင့် မိမိတို့ရပ်ထံ ပြန်တော့မည့်အကြောင်း လျှောက်ထားတော်မူသည်။ မိဖုရားကြီးကလည်း ရွှေဝေါတော်ကြီးပေါ်တွင် နန်းတော်ဦးဘုရားကို ပင့်ဆောင်တင်စေတော်မူ၍ လူပေါင်း(၄၇)ယောက်တို့ကိုလည်း ဂေါဝိန်ဆိပ်ကမ်းသို့ ရောက်အောင် လိုက်ပါပို့ဆောင်စေခဲ့သည်။

## ဇလွန်မြို့ကမ်းနားရပ်ကွက်တွင် သီတင်းသုံးစံနေတော်မူခြင်း

ဦးရွှေပွင့်တို့လည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် မိမိတို့၏ မင်္ဂလာလှေတော်ကြီး (ရန်လွင့်)ပေါ်တွင် နန်းဦးဘုရားအား ကြည်ညိုဖွယ်ရာ ပင့်ဆောင်ပူဇော်၍ ဧရာဝတီမြစ်ကြီးကို စုန်ဆင်းခဲ့ကြသည်။ ဇလွန်မြို့သို့ တပေါင်းလဆန်း (၈)ရက်နေ့တွင် အဆင်ပြေချောမောစွာ ဆိုက်ရောက်တော်မူလာသည်။

ဇလွန်မြို့သူမြို့သား ရဟန်းရှင်လူအများတို့မှာ မာရ်အောင်မြင် ရုပ်ပွားဆင်းတုတော်မြတ်အား အားပါးတရ ဖူးမြော်၍ မဝနိုင်အောင် ရှိတော့သည်။ ပူဇော်ဖွယ် အသွယ်သွယ်ဖြစ်သည့် တံခွန်၊ ကုက္ကား၊ မုလေးပွားတို့ဖြင့် မင်္ဂလာလှေတော်ကြီးမှ ခမ်းနားသိုက်မြိုက်စွာ ပင့်ဆောင်တော်မူခဲ့ကြသည်။

မြို့သူမြို့သားစုပေါင်းအားဖြင့် ဆောက်လုပ်ထားနှင့်သော တန်ဆောင်းတော်ကြီး အတွင်းဝယ် ခေတ္တ သီတင်းသုံးတော်မူလေသည်။ တန်ဆောင်းတော်ကြီးမှာ မြို့လယ်ချက်ချာတွင် တည်ရှိပြီး ကလပ်လယ်ပေါ် သက်ငယ်မိုး

www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်းကြီးဖြစ်သည်။

ရဟန်းရှင်လူအပေါင်းတို့သည် ထိုတန်ဆောင်းတော်ကြီး၌ မာရ်အောင်မြင် မြတ်စွာဘုရားကြီးအား နေ့ရောညပါ အခါမလပ် အရပ်ရပ်သော ပူဇော်သက္ကာရ အမှုကို ပြုကြပြီး သာမုအနုမောဒနာ ခေါ်ကြကုန်၏။ မိမိတွင် ကျရောက်နေသည့် ဘေးဒုက္ခ အန္တရာယ် ရန်စွယ်အပေါင်းမှာလည်း ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ လျှောကျကုန်ပြီဟု မှတ်ကုန်သည်။

ဆရာတော်ဦးဖြူ ဘွဲ့တော် ဦးအရိန္ဒမသည် ပုလဲအဆင်းသဏ္ဍာန်ရှိသော ဓာတ်တော်မြတ် (၆)ဆူကို ငွေကြုတ်တွင် ထည့်၍ လက်ဝဲလက်ရုံးတော်၌ လည်းကောင်း၊ ရွှေအဆင်းရှိသော ဓာတ်တော် (၆)ဆူကို ရွှေကြုတ်ဖြင့်ထည့်၍ လက်ယာလက်ရုံးတော်၌ လည်းကောင်း သဒ္ဓါကြည်နူး ရည်စူး၍ အတွင်းဘက်၌ ဌာပနာတော်မူလေသည်။ ဆရာတော် ဦးဖြူ (ဦးအရိန္ဒမ)မဟာထေရ်ကြီး အမှူးပြု၍ တန်ခူးလပြည့်နေ့တွင် ဘုရားအနေကဇာ တင်လေသည်။ မကြာမီပင် နန်းဦးမြတ်စွာဘုရား အမည်ပျောက်၍ မာရ်အောင်မြင် မြတ်စွာဘုရားဟု အမည်တော် တွင်ခဲ့ပြန်သည်။

မိဖုရားကြီးထံမှ မြတ်စွာဘုရား ဆင်းတုတော် သွန်းလုပ်ပြီးစီးကြောင်းနှင့် နန်းဦးဘုရားအား ပြန်လည်ပို့ရင်း သွန်းလုပ်ပြီးသော ဘုရားအား လာရောက်ပင့်ဆောင်ရန် တမန်တော်များ ရောက်ရှိလာသည်။ မြို့သူကြီး ဦးရွှေပွင့်ကလည်း ဇလွန်မြို့နယ်နှင့် ကျေးရွာဒေသများမှ ဘုရားဖူးသူများ စဉ်ဆက်မပြတ် ရောက်ရှိနေ၍ ခေတ္တစောင့်ဆိုင်းထားပါရန် လျှောက်ထားတော်မူသည်။ နောက်ထပ်၍ တမန်တော်များ စေလွှတ်သော်လည်း အခြေအနေနှင့် အချိန်အခါ မသင့်လျော်သေးသဖြင့် လာရောက်ပေးပို့နိုင်ခြင်း မရှိသေးကြောင်း ထပ်မံလျှောက်ထားတော်မူပြီးလျှင် အချိန်ကို ဆိုင်းငံ့စေတော်မူခဲ့ပါသည်။



## မာရ်အောင်မြင်ဘုရားကြီးအား အင်္ဂလိပ်နယ်ချဲ့တို့က အိန္ဒိယပြည် ဘုံဘေမြို့သို့ ပင့်ဆောင်သွားခြင်း

သက္ကရာဇ် (၁၂၁၄)ခုနှစ်တွင် ပြည်နှင့် တောင်ငူအောက် အောက်မြန်မာနိုင်ငံတစ်ဝန်းလုံးကို အင်္ဂလိပ်နယ်ချဲ့တို့က သိမ်းယူခဲ့သည်။ နယ်ချဲ့တို့က မြန်မာနိုင်ငံအတွင်းရှိ ကြေးဆင်းတုတော်မြောက်မြားစွာနှင့် ကြေးအိုး၊ ကြေးခွက်၊ အစအနပေါင်း များစွာကို သိမ်းကြုံးယူငင်သွားသည်။ အင်္ဂလိပ်စစ်ဗိုလ်ဆာဂွျန်ဆပ်က သက္ကရာဇ် (၁၂၁၇)ခုနှစ်တွင် မာရ်အောင်မြင် မြတ်စွာဘုရားဆင်းတုတော်ကြီးအား ရွှေချိန်အမည်ရှိ သင်္ဘောကြီးဖြင့် အိန္ဒိယပြည် ဘုံဘေမြို့သို့ သယ်ဆောင်သွားခဲ့သည်။

ဇလွန်မြို့သူမြို့သားအပေါင်းတို့မှာ စိတ်ထောင်းကိုယ်ကြေ ဖြစ်ကြရသည်။ ပူဆွေးသောက ဗျာပါဒ ပွားခဲ့ရသည်။ မိမိတို့ ကိုးကွယ်ရာ ဗုဒ္ဓဆင်းတုတော်မြတ်အား မတရားသဖြင့် နိုင်ထက်စီးနင်း သိမ်းပိုက်ယူငင်သွားသဖြင့် ကိုးကွယ်ပူဇော်ရာမဲ့ ဖြစ်ကုန်သည်။ စိတ်နလုံး ညှိုးချုံးကာ ယူကြုံးမရ ဖြစ်ခဲ့ကြရသည်။ ရဟန်းရှင်လူ ပြည်သူအများမှာ ဖြေ၍ မပြေနိုင်ကြ။ ကြိမ်မီးအုံးသို့ တနုံ့နုံ့ ခံစားခဲ့ကြရသည်။ ငိုကြွေးမြည်တမ်း၍ ဝမ်းနည်းပက်လက် ဖြစ်ကြရသည်။ မသမာသူ မိစ္ဆာကုလား လူမျိုးခြားတို့၏ အနိုင်ကျင့် လုယူသိမ်းပိုက်မှုကို မလွှဲသာဘဲ ခံလိုက်ကြရသည်။ မြို့သူမြို့သား၊ နယ်သူနယ်သားများမှာ ကြိတ်မနိုင် ခဲမရ ဖြစ်ကြရုံက လွဲ၍ မတတ်သာဘဲ လက်ပိုက်ကြည့်နေရရှာသည်။

**မှတ်ချက်** ။ ။ (၁၂၁၄)ခုနှစ်၊ ပုဂံမင်းနန်းကျ၍ မင်းတုန်းမင်း နန်းတက်၏။ ထိုနှစ်မှာပင် နန်းဦးဘုရား ဇလွန်မြို့သို့ ရောက်ရှိ ကိန်းဝပ်တော်မူသည်။ ၎င်းနှစ်တွင် အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်၏။ (၁၂၁၇)ခုနှစ်တွင် မာရ်အောင်မြင် မြတ်စွာဘုရား အိန္ဒိယပြည် ဘုံဘေမြို့သို့ ပါတော်မူ၏။

ပုဂံမင်း နန်းကျပြီး မင်းတုန်းမင်း နန်းတက်တော်မူပြီဖြစ်၍ ပုဂံမင်း၏ မိဖုရားကြီးလည်း ယခင်ကလို ဂုဏ်သိန်မရှိတော့ဘဲ နန်းကျမိဖုရား ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



ရရှာသည်။ ဦးရွှေပွင့်ထံ နောက်ထပ်၍ မာရ်အောင်မြင်ဘုရားအား ပြန်ပို့ပေးရန် တမန်တော်လွှတ်၍ မှာခြင်း မပြုတော့ဘဲ လျစ်လျူရှုကာ နေလိုက်တော့သည်။

မင်းတုန်းမင်းလည်း နန်းဦးမြတ်စွာဘုရား အိန္ဒိယပြည်သို့ ပါတော်မူသွားကြောင်း သိရှိသဖြင့် မျှော်လင့်ဖွယ်မရှိ၍ ပကတိအတိုင်း နေတော်မူလိုက်သည်။ ဦးရွှေပွင့် သွန်းလုပ်ထားသော ကြေးဆင်းတုတော်ကြီးကို နန်းဦးဘုရားပလ္လင်ပေါ်သို့ ပင့်တင် ကိုးကွယ်တော်မူလေသည်။

ရဟန်းရှင်လူ ပြည်သူများမှာ မာရ်အောင်မြင် မြတ်စွာဘုရား ရှိစဉ်ကထက် ယခုကဲ့သို့ မရှိသည့်အချိန်တွင် ပိုပြီး တမ်းတကာ ပူဆွေးသောက ရောက်ကြရရှာသည်။ အောက်မေ့ လွမ်းဆွတ်မှု၊ ကြေကွဲဝမ်းနည်းမှုများ ဖြစ်ကြရသည်။ မြတ်စွာဘုရားရှိစဉ်က မြတ်စွာဘုရားအား ကြည်ညိုလေးစား ဝပ်တွားကန်တော့ပြီး ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းတို့အပြင် လှူဖွယ်ပစ္စည်း အစုစုတို့ကို လှူဒါန်းဆက်ကပ်ပူဇော်ခွင့် ရသော်လည်း ယခုမူ ပူဇော်ခွင့်မရတော့ကြောင်း၊ ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်စင်းဦးခိုက် ပြုလိုသော်လည်း ယခုအခါ မည်သည့်နည်းနှင့်မျှ ဦးခိုက်ပူဇော်ခွင့် မရတော့ကြောင်း၊ တပည့်တော်တို့အား ထားရစ်ခဲ့ပြီး ပင်လယ်ရပ်ခြား တိုင်းတစ်ပါးမှ ကုလားမိစ္ဆာ လူယုတ်မာတို့သည် မထောက်မညှာ အဓမ္မ ယူဆောင်သွား၍ ကိုးကွယ်ရာမဲ့ ဖြစ်ရကြောင်းတို့ကို လှိုက်လှဲကြေကွဲဝမ်းနည်းမဆုံးနိုင်အောင် ညည်းတွားပြောဆို ငိုတသသ ရှိကြတော့သည်။

အင်းဝမြို့ကို ရှမ်းသိုဟန်ဘွား အုပ်စိုးစဉ်က မြတ်စွာဘုရား၏ ရုပ်ပွားတော်၊ ဆင်းတုတော်များနှင့်တကွ ရဟန်းတော်များကို ဖျက်ဆီး သတ်ဖြတ်ခြင်းကြောင့် မင်းကြီးရန်နောင် လုပ်ကြံ၍ သေကြေပျက်စီးဖူးပါသည်။ ယခုလည်း မိစ္ဆာကောင်တို့သည် မိမိတို့၏ ဗုဒ္ဓမြတ်စွာ ဆင်းတုတော်ပေါင်း မြောက်မြားစွာကို ဖျက်ဆီးခြင်းကြောင့် မည်ကဲ့သို့များ ဖြစ်ကြလေဦးမည်နည်းဟု ဇလွန်မြို့သူမြို့သားများက တွေးတောနေမိကြသည်။

ယင်းသို့ ပူဆွေးသောက ဝေဒနာ ခံစားနေကြချိန်တွင် မာရ်အောင်မြင် မြတ်စွာဘုရား ကိန်းဝပ်တော်မူစဉ်က အဖြစ်အပျက်များကိုလည်း ပြန်လည်သတိရနေမိကြပြန်သည်။ ကမ်းနားရပ်ကွက် မီးလောင်စဉ်က မြတ်စွာဘုရားကြီး



၏ဘုန်းတန်ခိုးတော်ကြောင့် တန်ဆောင်းတော်ကြီးနှင့်တကွ ဆင်းတုတော်များ မီးဘေးဒဏ်မှ ကင်းလွတ်ခဲ့ကြောင်းကို တသသ ပြောမဆုံးနိုင်အောင် ရှိတော့သည်။ အချို့ကလည်း မြတ်စွာဘုရား တန်ခိုးတေဇာဖြင့် မိမိကိန်းဝပ်ရာ ရပ်ဌာနေသို့ အမြန် ပြန်လည် ကြွပါစေကြောင်း ဆုတောင်းပတ္တနာ ပြုကြသည်။ အချို့ကလည်း မိမိတို့ ဘုရားမှန်လျှင် မိမိတို့ဒေသသို့ ပြန်လည်ကြွလာမှာ ဧကန်ဖြစ်ကြောင်း ယုံကြည်ကာ နိစ္စဓူဝ တမ်းတမဆုံး ရှိကြသည်။

## ဘုရားဖျက်ဆီးသူများ ဘေးအဏ်ထိခြင်း

ဘုံဘေမြို့သို့ ရောက်ရှိနေတော်မူကြကုန်သော ကြေးဆင်းတုပေါင်းများစွာကို ဂိုဒေါင်ကြီးထဲ စုပုံထားခဲ့သည်။ ကြေးပိုက်ဆံနှင့် ဗုံးဆန် အမြောက်ဆန်လုပ်သူတို့က ကြေးဆင်းတုတော်များကို ဖိုကျင်ထိုးကာ အရည်ကျိုကြသည်။ မာရ်အောင်မြင် မြတ်စွာဘုရားမှာမူ ဖိုလေးလုံးဆိုင်၍ အပြိုင်ထိုးကြသော်လည်း အရည်မပျော်၊ တူနှင့်ထုသော်လည်း လုံးဝ အရာမထင်ဘဲ မူလပကတိအတိုင်း ရှိလေသည်။

ယင်းအချိန်တွင် မိုးမှောင်ကြီးကျ၍ ဌာပနာထားသော ဓာတ်တော်များလည်း ကွန့်မြူး၍ ရောင်ခြည်တော် လွှတ်တော်မူသည်။ ဖျက်ဆီးကြသော မိစ္ဆာတိတ္ထိ ကုလားလူမျိုးပေါင်း (၆၄)ယောက် တစ်ပြိုင်နက် သေဆုံးကြသည်။ အချို့မှာ သွေးအန်၍ လည်းကောင်း၊ အချို့မှာ ဝမ်းရောဂါဖြင့်လည်းကောင်း သေဆုံးကြသည်။

## ဝိတိုရိယဘုရင်မ အိပ်မက်မြင်မက်ခြင်း

အထူးခြားဆုံးမှာ အင်္ဂလန်ပြည်၌ ရာဇာဘိသိတ်ခံယူပြီးနောက် အိန္ဒိယပြည် ဒေလီမြို့တွင်ခေတ္တလာရောက်စံမြန်းနေသော ဝိတိုရိယဘုရင်မမှာ ဦးခေါင်းအပြင်းအထန်ကိုက်ခဲခြင်းဖြစ်ခဲ့ရသည်။ ထူးကဲသော ခေါင်းခဲဝေဒနာကို ကျွမ်းကျင်သော သမားတော်များ၊ ဆရာဝန်များနှင့် မည်သို့ပင် ကုသငြားသော်လည်း ထူးခြားခြင်း မရှိ။ မချိအောင် ခံစားရင်း ဒုက္ခဝေဒနာ ခံစားနေရသည်။

ခေါင်းကိုက်ဝေဒနာ အပြင်းအထန်ခံစားရင်း တစ်ညသောအခါတွင်

www.burmeseclassic.com

www.burmeseclassic.com



ဝိတိုရိယဘုရင်မကြီးမှာ ထူးခြားသော အိပ်မက်ကို မြင်မက်လေသည်။

ဘုရင်မကြီး ခေါင်းခဲဝေဒနာ ပျောက်ကင်းလိုပါက မြန်မာပြည်မှ သယ်ဆောင်လာသော မာရ်အောင်မြင် ရုပ်ပွားဆင်းတုတော်မြတ်အား နေရင်းဒေသသို့ မရောက်ရောက်အောင် ပြန်ပို့ပေးရမည်။ ပြန်မပို့ဘဲနေပါက ဘုရင်မ၏ အသက်အောအန္တရာယ်၊ တိုင်းပြည်မြို့ရွာ အန္တရာယ်ကြီးစွာ ဖြစ်လတ္တံ့။ ဗုဒ္ဓ မြတ်စွာဘုရားကို ဖျက်ဆီးသော တိုင်းနိုင်ငံသည်လည်း ကပ်ကြီးများ ဆိုက်၍ သေကြေပျက်စီး ဆုံးရှုံးစေလတ္တံ့. စသည့် အိပ်မက်ဆိုးများ မြင်မက်လေသည်။ ဘုရင်မကြီးသည် အိပ်ရာမှ လန့်နိုးပြီး ထိတ်လန့်တုန်လှုပ် ချောက်ချားလျက် စိုးရိမ်လွန်ကဲပြီး ကြောက်ရွံ့၍ မိမိ၏ မှူးမတ်များအား ချက်ချင်းခေါ်ပြီး မာရ်အောင်မြင် ရုပ်ပွားဆင်းတုတော်မြတ်ကို ရှာဖွေစေသည်။

ဘုံဆော်မြို့ ဂိုဒေါင်အတွင်း ထားရှိသော ရုပ်တုတော်မြတ်တို့ ကြားဝယ် ထူးခြားသော ရုပ်တုတော်မြတ်တစ်ဆူသည် ရောင်ခြည်တော်များ ကွန့်မြူး တောက်ပနေသည်ကို ထူးကဲစွာ တွေ့မြင်ကြရလေသည်။ လူယုတ်မာ မိစ္ဆာများက ဂိုဒေါင်အတွင်းမှာ တွေ့ရသည့် မြန်မာဘုရားမှာ စုန်းတောက်စား နေသည်ဟု ဝိတိုရိယ ဘုရင်မအား လျှောက်ထားကြသည်။

## မြန်မာပြည်နေရင်း ဒေသသို့ပြန်ပို့ခြင်း

ဝိတိုရိယဘုရင်မကား ယင်းကဲ့သို့ ထူးခြားတော်မူသော ရုပ်တုတော် မြတ်သည် မိမိ မြင်မက်သည့် အိပ်မက်အရ မာရ်အောင်မြင်ဘုရား ဖြစ်မည်၊ ထိုဘုရား သယ်ယူလာခဲ့သော နေရင်းဒေသသို့ အမြန်သွား၍ ပို့ဆောင်စေဟု အမိန့်ချမှတ်လေသည်။ ထိုအချိန်အခါတွင် ဝိတိုရိယဘုရင်မကြီးလည်း ခေါင်းကိုက် ဝေဒနာ ပျောက်ကင်းခဲ့ရသည်။

မြတ်စွာဘုရား ရုပ်ပွားဆင်းတုတော်မြတ်အား ဖျက်ဆီးကြသည့် မိစ္ဆာများ သည် သွေးအန်သေခြင်း၊ ဝမ်းလျှော၍ သေခြင်း စသည့် ဆင်းရဲဒုက္ခတို့ကို မျက်မှောက်ကာလတွင် ခံစားရသလို နောင်တမလွန် ဘဝများစွာတွင်လည်း ငရဲအထပ်ထပ်၌ အဖန်တလဲလဲ ကျ၍ ဆင်းရဲဒုက္ခ ရောက်ကြရမည် မလွဲပေ။



ဝိတိုရိယ ဘုရင်မကြီး၏ အမိန့်အတိုင်း သက္ကရာဇ် (၁၂၁၉)ခုနှစ်တွင် မာရ်အောင်မြင် မြတ်စွာဘုရားကို နေရင်းဒေသသို့ ပြန်လည်ပို့ဆောင်တော်မူ ကြသည်။ ဇလွန်မြို့ကို ကျော်လွန်၍ မြို့မှားပြီး ဟင်္သာတမြို့အနီး သဲသောင်စပ် ဝယ် ပစ်ထားခဲ့ကြလေသည်။

## ပေါ်တော်မူဘုရားအဖြစ် အပူဇော်ခံယူတော်မူခြင်း

ရေလုပ်သားတို့သည် မာရ်အောင်မြင်မြတ်စွာဘုရားကို ထူးခြားစွာ ဖူးမြင်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်သည်။ ကျန်လူအများတို့ကို ခေါ်ယူ၍ ကမ်းထိပ်ပေါ်ရှိ ငါးမျက်နှာဘုရား တန်ဆောင်းတော်ကြီး အတွင်း၌ ခေတ္တထားပြီး ကိုးကွယ်ပူဇော်ကြလေသည်။

ဟင်္သာတမြို့သူမြို့သားများ၊ နယ်သူနယ်သားများမကျန် အုတ်အော် သောင်းနင်းဖြင့် ဖူးမြော်ပူဇော်မစဲ ဖြစ်ကြသည်။ တန်ဆောင်းတော်ကြီးအတွင်း ဝယ် ပျားပန်းခတ်မျှ စည်ကားပြီး ဖူးမြော်၍ မဝနိုင်အောင် ရှိတော့သည်။

ထိုအချိန်မှစပြီး မာရ်အောင်မြင်ဘွဲ့အမည်ပျောက် “ပေါ်တော်မူဘုရား” ဟု ဘွဲ့မည်တွင်ပြန်သည်။ ယင်းအချိန်တွင် ဇလွန်မြို့ပိုင်မင်းသည် ဟင်္သာတမြို့ ပိုင်၊ အရေးပိုင်မင်းတို့နှင့် တွေ့ဆုံရန် ကိစ္စရှိ၍ ဟင်္သာတမြို့သို့ သွားရောက် ခဲ့သည်။ ဟင်္သာတမြို့သို့ ရောက်ရှိသည့်အခါ ပေါ်တော်မူဘုရားအကြောင်းကို သတင်းစကား ကြားသိရသည်။ ရဟန်းရှင်လူအများ နေ့ညဥ့်မစဲ တသဲသဲ လာရောက် ဖူးမြော်နေကြောင်းလည်း တွေ့မြင်ရသည်။ အကျိုးအကြောင်း မေးမြန်းပြီး မိမိကိုယ်တိုင် ဝင်ရောက်ဖူးမြော်ရာ အင်္ဂလိပ်တို့ သိမ်းယူသွားသော ဇလွန်မြို့တွင် ကိန်းဝပ်စံပယ်တော်မူခဲ့သည့် မာရ်အောင်မြင် မြတ်စွာဘုရား မှန်း သေချာစွာ သိခဲ့ရသည်။ ထိုကိစ္စနှင့် ပတ်သက်၍ မည်သည့်အကျိုးအကြောင်း မျှ မပြောဘဲ နေရင်းဒေသသို့ ပြန်လာပြီး ဆရာတော် ဦးဖြူအား လျှောက်ထား ခဲ့သည်။

ဆရာတော် ဦးဖြူလည်း သတင်းစကား ကြားလျှင်ကြားခြင်း မနေသာ တော့ဘဲ ဒကာ၊ဒကာမများကို အသိပေးစုရုံးခေါ်ဆောင်၍ မာရ်အောင်မြင်မြတ်စွာ ဘုရားကို ဖူးမြော်ရန် လှေတစ်ဆယ့် နှစ်စင်းဖြင့် ဟင်္သာတမြို့သို့ ကြွရောက်

www.burmeseclassic.com

www.burmeseclassic.com



သွားတော်မူလေသည်။ ဟင်္သာတမြို့သို့ ရောက်၍ ဘုရားကို ဖူးမြော်ရသည်နှင့် မိမိတို့ ဇလွန်မြို့၌ ကိန်းဝပ်စံပယ်တော်မူခဲ့သည့် မာရ်အောင်မြင်မြတ်စွာဘုရား မှန်း တပ်အပ်သေချာ သိတော်မူသည်။

ဆရာတော်နှင့်အဖွဲ့သည် ဟင်္သာတ အရေးပိုင်မင်းထံ ကြွသွားပြီး အကျိုး အကြောင်းကို ပြောကြသည်။ အရေးပိုင်မင်းကလည်း ဟင်္သာတမြို့ပေါ်ရှိ လူကြီး လူကောင်းတို့ကို ခေါ်ယူပြီး အဖြစ်အပျက် အကျိုးအကြောင်းတို့ကို ပြောပြရာ ထိုကိစ္စသည် သာသနာရေးကိစ္စဖြစ်၍ သံဃာတော်များနှင့် သက်ဆိုင် ကြောင်း၊ လူကြီးများ အနေဖြင့် နှစ်သက်ရာ ဆရာတော်တစ်ပါးကို ပင့်ပြီး ဇလွန်မြို့မှ ဆရာတော်နှင့် သံဃာတော်ချင်း စကားပြောကြစေရန် အစီအစဉ် ပြုလုပ်ပေးခဲ့လေသည်။ လူကြီးများက ကြေးကန်ဆရာတော်ကို ပင့်၍ ဆရာတော် ဦးဖြူနှင့် စကားဆိုကြစေသည်။

ဆရာတော် နှစ်ပါးအနက် ကြေးကန်ဆရာတော်မှာ ဆရာတော် ဦးဖြူ ထက် အသက်၊ သိက္ခာဝါကြီးတော်မူသည်။

ကြေးကန်ဆရာတော်ဘုရားက "ဆရာတော်တို့ ဇလွန်မြို့က မာရ်အောင် မြင်ဘုရားဟု မည်သည့်အထောက်အထားကြောင့် ပြောပြနိုင်ပါသလဲ"ဟု အမိန့်တော်ရှိသည်။

ဆရာတော် ဦးဖြူကလည်း "မာရ်အောင်မြင် ဘုရား၏ စမ္မခဏ်တော်မှာ စာပါသောကြောင့် သိနိုင်ကြောင်း" အထောက်အထားဖြင့် ပြန်လည်လျှောက် ထားသည်။

ကြေးကန်ဆရာတော်ဘုရားက "စမ္မခဏ်ပါစာကို ဆရာတော် ဦးဖြူ ရွတ်ပြနိုင်ပါသလား"ဟု ထပ်ဆင့် မေးတော်မူသည်။

ဆရာတော် ဦးဖြူကလည်း "ရွတ်ပြနိုင်ပါသည်"ဟု ပြောသဖြင့် အနီးတွင်ရှိသော ဘုန်းတော်ကြီးတစ်ပါးအား ကြေးကန်ဆရာတော်က စမ္မခဏ် တွင် ရှိသော ဂါထာတော်ကို အကူးခိုင်းပြီး ဆရာတော်ဦးဖြူအား အလွတ်ပြန်ဆို စေသည်။ ဆရာတော် ဦးဖြူ ရွတ်ဆိုပြသော ဂါထာတော်သည် ကူးယူထားသော ဂါထာတော်နှင့် တစ်ထပ်တည်းတစ်ညီတည်း ဖြစ်နေသဖြင့် ဆရာတော်ဦးဖြူ လျှောက်ထားသည့် ဘုရားမှာ ဇလွန်မြို့မှ မာရ်အောင်မြင်ဘုရား ဖြစ်နေသည်ကို



မည်သို့မျှ မငြင်းသာတော့ပေ။

## ဟင်္သာတနှင့် ဇလွန် လှေဖောင်ဆွဲခြင်း

ဤနေရာတွင် ဟင်္သာတ မြို့သူမြို့သားများက မိမိတို့မြို့တွင် ရောက်ရှိ ကိန်းဝပ်တော်မူသည့် ဘုရားဖြစ်၍ မိမိတို့သာ ကိုးကွယ်ထိုက်သည်၊ ပြန်လည် မပေးနိုင်ကြောင်း ငြင်းဆိုကြပြန်သည်။ တစ်ဘက်နှင့်တစ်ဘက် အချေအတင် ဖြစ်နေကြသဖြင့် အရေးပိုင်မင်းက ကြားဝင်ဖျန်ဖြေပြီး အောက်ပါအတိုင်း ဆောင်ရွက်စေခဲ့သည်။ ဖောင်တော်တွင် ဘုရားကို ပင့်ဆောင်စေပြီး မြစ်လယ် တွင် ဇလွန်မြို့နှင့်ဟင်္သာတမြို့ သူ့ဘက်ကိုယ့်ဘက် အနိုင်ဆွဲကြစေသည်။ ဘုရား ကိန်းဝပ်လိုရာသို့ ကြွတော်မူလိမ့်မည်ဟု မိန့်ဆိုပြီး အစီအစဉ် ပြုလုပ်ပေးခဲ့သည်။ ဖောင်တော်ကြီးတစ်ခုကို အမြန်ပြုလုပ်ပေးကာ ဆင်းတုတော်မြတ်အား ထိုဖောင် တော်ပေါ်သို့ ပင့်ဆောင်စေပြီး ဆရာတော် ဦးဖြူနှင့်တကွ အရေးပိုင်မင်းတို့ပါ ဖောင်တော်ပေါ်တွင် နေကြသည်။

ဆရာတော် ဦးဖြူသည် ဖောင်တော်ပေါ်တွင် နေရင်း အောက်ပါအတိုင်း တိုင်တည်တော်မူသည်။ ဟင်္သာတမြို့ဘက်မှ လှေအစင်းများပြီး ဇလွန်ဘက်မှ လှေအစင်း နည်းသော်ငြားလည်း ဇလွန်မြို့မှ ဘုရားလည်း အစစ်အမှန်ဖြစ်၍ မြတ်စွာဘုရား ပျော်မွေ့ရာ ဘူမိနက်သန် ဇလွန်မြေသို့သာ ကြွတော်မူပါရန်နှင့် သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များကလည်း မြတ်စွာဘုရား နှစ်လိုဖွယ်ရှိသော အရပ်တွင်သာ ကိန်းဝပ်တော်မူနိုင်ရေးအတွက် စောင့်ရှောက်တော်မူပါရန် တိုင်တည် အဓိဋ္ဌာန်ပြုတော်မူသည်။

ယင်းအချိန်တွင် ဇလွန်မှ လှေ (၁၂)စင်း (တစ်ဆယ့်နှစ်စင်း)နှင့် ဟင်္သာတမြို့က လှေပေါင်း (၃၈)စင်း (သုံးဆယ့်ရှစ်စင်း)တို့ဖြင့် ဇလွန်က လှေတို့သည် ဇလွန်ဘက်မှလည်းကောင်း၊ ဟင်္သာတက လှေတို့သည် ဟင်္သာတ ဘက်မှလည်းကောင်း ဆွဲကြရာ ဇလွန်ဘက်သို့ ပါတော်မူလေသည်။ ဟင်္သာတ ဘက်မှသူများက ရေစုန်ဖြစ်၍ ဇလွန်ဘက်သို့ ပါသည်ဆိုပြီး မကျေမနပ် ပြောကြ ရာ ဇလွန်က လှေတို့သည် ဟင်္သာတဘက်သို့လည်းကောင်း၊ ဟင်္သာတ လှေ တို့သည် ဇလွန်ဘက်သို့လည်းကောင်း ပြောင်းလဲပြီး အပြန်အလှန် ဆွဲကြပြန်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဇလွန်လေ့မျှားဘက်သို့သာ ပါတော်မူခဲ့သည်။ ထိုကဲ့သို့ အနိုင်ရရှိသဖြင့် မာရ်အောင်မြင် မြတ်စွာဘုရားကြီးအား မူလကိန်းဝပ် စံပယ်တော်မူရာ ဇလွန်မြို့သို့ ပြန်လည်ပင့်ဆောင်တော်မူခဲ့ရသည်။

## ဇလွန်မြို့သို့ပြန်လည်ပင့်ဆောင်တော်မူခြင်း

ဇလွန်သူဇလွန်သားတို့သည် မိမိတို့မြို့က မာရ်အောင်မြင် မြတ်စွာဘုရားကြီး နေရင်းဒေသသို့ ပြန်လည်ကြွလာပြီဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ကခုန်တီးမှုတ်ကြလျက် ပျော်ရွှင်မြူးထူးစွာ ကြည်ညိုသဒ္ဓါ လွန်ကဲစွာဖြင့် လှိုက်လှိုက်လှဲလှဲကြိုဆိုပူဇော်ကြသည်။ ပင်လယ်ရပ်ခြား တိုင်းတစ်ပါးမှ မိစ္ဆာတို့ ယူဆောင်သွားသည့် မာရ်အောင်မြင် ဆင်းတုတော်မြတ်ကြီးသည် ဘုမိနက်သန်မှန်သည့် ကိုယ့်ရပ် ကိုယ့်ဒေသသို့ ပြန်လည်ကြွလာတော်မူပြီဟု ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုကြလျက် ဦးသိုင်း၏ တစ်ဝဂူကြီးအတွင်းရှိ ပလ္လင်တော်ထက်ဝယ် ခေတ္တယာယီ သီတင်းသုံးနေစေတော်မူသည်။ ဝန္ဒနာပွဲကြီး ကျင်းပပြုလုပ်၍ ပူဇော်သက္ကာရ ပြုကြကုန်သည်။

ထိုအခါမှစ၍ ရေခြားမြေခြား တိုင်းတစ်ပါးမှ မိမိကိန်းဝပ်စံပယ်တော်မူရာ နေရင်းဒေသသို့ ပြန်လည် ကြွလာတော်မူသည်ကို အစွဲအမှတ်ပြု၍ မာရ်အောင်မြင် ဘွဲ့မည်မှသည် “**ပြည်တော်ပြန်**” မြတ်စွာဘုရားဟု ယနေ့ထက်တိုင် ဘွဲ့မည်ထင်ရှား ကျော်ကြားနေတော်မူသည်။

## အပိုင်း (၂)
## ပြည်တော်ပြန်ဘုရားကြီး ဇလွန်မြို့၌ နေရာပြောင်း၍ အဆင့်ဆင့် ကိန်းဝပ်တော်မူခြင်း

မာရ်အောင်မြင် ပြည်တော်ပြန် ဘုရားကြီးသည် ဟံသာတမြို့မှ ဇလွန်မြို့သို့ ကောဇာသက္ကရာဇ် (၁၂၁၉)ခုနှစ်တွင် ကြွမြန်းရောက်ရှိခဲ့သည်။ ထိုအချိန်က ဇလွန်မြို့၊ ကမ်းနားရပ်ကွက်တွင် ဦးသိုင်း၏ တစ်ဝဂူကြီးအတွင်း၌ (၃)



နှစ်တိတိ ကိန်းဝပ်စံပယ်တော်မူခဲ့ရသည်။

ကောဇာသက္ကရာဇ် (၁၂၂၃)ခုနှစ်သို့ ရောက်သောအခါ မှန်စီရွှေချ ရတနာစံကျောင်းတော်ကြီးတွင် (၁၅)နှစ် ကိန်းဝပ်စံပယ်တော်မူခဲ့ရသည်။

ကောဇာသက္ကရာဇ် (၁၂၃၈)ခုနှစ် ရောက်သောအခါ ဆရာတော် ဦးဖြူကြီးကြပ်စီမံတော်မူသော (မဒရပ်ပုံစံ) ဂန္ဓကုဋီ ကိုးဘုံတန်ဆောင်းတော်ကြီး အတွင်းသို့ ပြောင်းရွှေ့ သီတင်းသုံးရပြန်သည်။ ထိုတန်ဆောင်းကြီး၌ (၄၂) နှစ်တိတိ သီတင်းသုံး စံပယ်တော်မူပြီး (၁၂၈၀)ပြည့်နှစ်တွင် ယခုအထိ ကိန်းဝပ်စံပယ်တော်မူသော ဇလွန်မြို့၊ ညောင်ပင်ဈေးရပ်ကွက်၊ ဘိုးပုဏ္ဏားကုန်းသို့ ပြောင်းရွှေ့ရပြန်သည်။

ဤသို့ ပြောင်းရွှေ့ရခြင်းမှာ ဇလွန်မြို့သည် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြို၍ ပြောင်းရွှေ့ရခြင်း ဖြစ်သည်။ ဘိုးပုဏ္ဏားကုန်းသို့ ရောက်ရောက်ချင်း ပထမ (ဦးသံတိုင်၊ ဒေါ်ရွှေမိ)တို့ လှူဒါန်းသော တန်ဆောင်းတွင် (၁၀)နှစ်၊ ဒုတိယ ဒေါ်သန့် (ကပြား) တန်ဆောင်းတွင် (၄)နှစ် သီတင်းသုံးစံနေတော်မူခဲ့သည်။

ထိုသို့ စံနေတော်မူစဉ်အတွင်း ဇလွန်မြို့၊ ကညင်ကွင်းရွာနေ (ဦးရွှေကုန်း) ဒေါ်မင်းသွယ် မိသားစုက စေတီပေါက်သော အုတ်ဂန္ဓကုဋီတိုက်ကြီးကို ခမ်းနားထည်ဝါစွာ တည်ဆောက်လှူဒါန်းခဲ့ကြသည်။ (ယနေ့ထိ ဘုရားကြီး ကိန်းဝပ်စံပယ်တော်မူသော စေတီပေါက် ဂန္ဓကုဋီတိုက်တော်ကြီး ဖြစ်ပါသည်။)

ဆက်လက်၍ ဇလွန်မြို့နယ် ကော့ကပ်ရွာနေ (ဦးမြတ်လှ+ ဒေါ်နှင်းစု) မိသားစုတို့က အုတ်အင်္ဂတေဖြင့် ပြုလုပ်သော ရတနာပလ္လင်ကို ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ဒေါ်သန့် ကပြားတန်ဆောင်းမှ စေတီပေါက် ဂန္ဓကုဋီတိုက်တော်ကြီးနှင့် ရတနာပလ္လင်ထက်သို့ (၁၂၉၄) ခုနှစ်၊ တပို့တွဲလပြည့်နေ့ ညနေ (၃)နာရီတွင် မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး ပြောင်းရွှေ့ ကိန်းဝပ် စံပယ်တော်မူခဲ့သည်မှာ ယနေ့အထိပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပထမ မကိုဋ်တော်နှင့် စလွယ်တော်များ လှူဒါန်းပူဇော်ခြင်း

ညေဝတီ ရခိုင်ပြည့်ရှင် ဘုရင်စန္ဒသူရိယမင်းလက်ထက် မဟာသက္ကရာဇ်(၁၂၃)ခုနှစ်မှ ကောဇာသက္ကရာဇ် (၁၃၁၇)ခုနှစ်အထိ မကိုဋ်၊ စလွယ်တော်မပါဘဲ သင်္ကန်းဝတ်ရုံထားသည့် မူလပုံတော်အတိုင်း ရှိခဲ့သည်။ သို့သော် (၁၃၁၇)ခုနှစ်သို့ ရောက်လာချိန်တွင် ဘုရားကြီးအား မကိုဋ်၊ စလွယ်တော်များ ဆက်ကပ်လှူဒါန်းသည့် အလှူရှင်များ ပေါ်ပေါက်လာခဲ့ရသည်။

ကောဇာသက္ကရာဇ်(၁၃၁၇)ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁)ရက်နေ့တွင် မနေဖြူမြို့၊ သိန်းတစ်ရာဆေးတိုက်ပိုင်ရှင် ဦးမောင်ကြီး ဇနီး ဒေါ်အေးချို တို့က ထိုခေတ် တန်ဖိုးငွေပေါင်း (ငါးထောင်) ကျော်တန်သော မကိုဋ်တော်နှင့် စလွယ်တော်ကြီးတို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို မကိုဋ်တော်နှင့် စလွယ်တော်တို့မှာ အောက်ခံ ဘော်သားပေါ်တွင် ရွှေချပြီး ပြုလုပ်ထားခြင်းဖြစ်သည်။ ကျောက်မျက်ရတနာ အပါအဝင် စုစုပေါင်း အလေးချိန်မှာ မကိုဋ်တော် (၁၁ဖိုး၊ ၈ဲ၊ ၄ ရွေး)၊ စလွယ်တော် (၉ကျပ်၊ ၇ဲ)တို့ဖြစ်ကြသည်။ သို့သော်လည်း ထို မကိုဋ်တော်နှင့် စလွယ်တော်များကို ဂေါပကအဖွဲ့ အဆက်ဆက်တို့က အမြဲတစေ ဆင်မြန်းဆက်ကပ်ထားခြင်း မရှိဘဲ ဘုရားကြီး၏ တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော်နှင့် အခြား ဗုဒ္ဓနှင့်ပတ်သက်သော နေ့ထူးနေ့မြတ်များတွင်သာ ဆင်မြန်းဆက်ကပ်ခဲ့ကြသည်။

ကောဇာသက္ကရာဇ် (၁၃၅၈)ခုနှစ်သို့ ရောက်လာချိန်တွင် မကိုဋ်တော်နှင့် စလွယ်တော်မှာ နှစ်ပေါင်း (၄၁)နှစ် ကြာလာပြီဖြစ်၍ ဟောင်းနွမ်းခြင်း၊ အချို့နေရာများတွင် ကျိုးပဲ့ခြင်းများ ဖြစ်ပေါ်လာခဲ့ရသည်။ ထို့အပြင် ဘုရားဆင်းတုတော်ကြီးမှာလည်း ရဟန်းရှင်လူတို့၏ ကြည်ညိုသဒ္ဓါစိတ်ဖြင့် ရွှေသင်္ကန်းကပ်လှူခဲ့မှုကြောင့် ဘုရားရင်အုပ်တော် မို့မောက်လာသည့်အတွက် မကိုဋ်တော်နှင့် စလွယ်တော်များမှာ ဆင်မြန်းရန် အခက်အခဲ ကြုံလာခဲ့သည်။

သို့ဖြစ်၍ တာဝန်ရှိ ဂေါပကအဖွဲ့က ရွှေသားအစစ်နှင့် မကိုဋ်တော်၊ စလွယ်တော်များ အသစ်ပြုလုပ်ဆက်ကပ်ရန် စီစဉ်လာခဲ့ကြသည်။ (ပထမ မကိုဋ်တော်နှင့် စလွယ်တော် အဟောင်းများကို ဘုရားသမိုင်းပြတိုက်တွင် သိမ်းဆည်းပြသထားပါသည်။)



## ဒုတိယ ရွှေစင်ရွှေသား မကိုဋ်တော်နှင့် စလွယ်တော် ဆက်ကပ်လှူဒါန်းခြင်း

ရွှေစင်ရွှေသားအစစ် မကိုဋ်တော်နှင့် စလွယ်တော်များ အသစ်ပြုလုပ် ဆက်ကပ်ရန် အခြေခံအကြောင်းရင်း(၃)မျိုး ပေါ်ပေါက်ခဲ့သည်။ထိုအကြောင်း(၃)မျိုးမှာ–

(၁) မကိုဋ်/စလွယ်ဟောင်းတို့၏ ယိုယွင်းပျက်စီးလာမှု အခြေအနေ၊

(၂) ဘုရားဆင်းတုတော်ကြီးအား ရွှေသင်္ကန်းကပ်လှူမှု အခြေအနေ၊

(၃) မန္တလေးမြို့မှ နောင်တော် မဟာမုနိဘုရားကြီးကဲ့သို့ ထာဝစဉ် ပူဇော်ကပ်လှူထားလိုသော အခြေအနေများ ဖြစ်ကြသည်။

ရွှေစင်၊ ရွှေသားအစစ် မကိုဋ်တော်နှင့် စလွယ်တော်အသစ်များ ထပ်မံပြုလုပ် ဆက်ကပ်လှူဒါန်းရန် ထိုအချိန်က တာဝန်ရှိ ဂေါပကအဖွဲ့ ဒု–ဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် အတွင်းရေးမှူး ဦးအောင်ပြေတို့က ဥက္ကဋ္ဌ ဦးတင်ထွန်းအား တင်ပြခဲ့သည်။ ဂေါပကအဖွဲ့နှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၏ အဆင့်ဆင့် သဘောတူညီမှုဖြင့် ဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်၍ ဥက္ကဋ္ဌ ဦးမောင်လှိုင်၊ အတွင်းရေးမှူး ဦးတိုးမြင့် တို့ပါဝင်သော ဂေါပကအဖွဲ့သစ်က တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ ဆက်၍ အကောင်အထည်ဖော်ခဲ့သည်။

ရွှေစင်မကိုဋ်တော်နှင့် စလွယ်တော်အသစ်မှာ တစ်ဦးတည်း အလှူရှင်မဟုတ်ဘဲ နိုင်ငံတော်အကြီးအကဲများ၊ ရဟန်းရှင်လူပြည်သူအများ စုပေါင်းကာ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများ ပါဝင်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ရွှေစင်မကိုဋ်တော်နှင့် စလွယ်တော်များကို ဘုရားကြီး ပရိဝုဏ်ရှိ ရတနာ့ဗိမာန် အဆောက်အအုံတွင် စစ်ကိုင်းမြို့၊ ရွာထောင်ရပ်မှ ငွေပန်းထိမ်ဆရာကြီး ဦးကျော်ဇောနှင့် အဖွဲ့က ကူညီဆောင်ရွက်ပေးခဲ့သည်။

ကောဇာသက္ကရာဇ် (၁၃၅၈)ခုနှစ်၊ နယုန်လဆုတ် (၁၄)ရက် (၁၅–၆–၉၆) နေ့မှ စတင်ပြီး (၁၃၅၈)ခုနှစ်၊ ဝါခေါင်လဆန်း (၈) ရက် (၂၂–၈–၉၆)ရက်နေ့အထိ (နှစ်လ)နှင့် (ခုနစ်ရက်) အတွင်း ပြီးစီးခဲ့သည်။ ရွှေစင်

www.burmeseclassic.com

www.burmeseclassic.com



မကိုဋ်နှင့် စလွယ်အလှူရှင်များကို သီးခြားစာရင်း ပြုစုထားပါသည်။

## ရွှေစင်မကိုဋ်တော်တွင်

(၁) မကိုဋ်(ထိပ်ဖူး)
(၂) ဘုံကိုးဆင့်
(၃) အုပ်ကပ်
(၄) နားကင်း
(၅) နားပန်း

စသော အစိတ်အပိုင်းများ ပါဝင်သည်။

## ရွှေစင်စလွယ်တော်တွင်

(၁) ရှေ့ဘယက်
(၂) ရှေ့စလွယ်
(၃) နောက်ဘယက်
(၄) နောက်စလွယ်
(၅) ပုခုံးတောင်
(၆) စုလျား
(၇) တဘက်စ
(၈) ခါးပုံစ တို့ ပါဝင်ကြသည်။

ရွှေစင်ရွှေသား မကိုဋ်တော်ကြီး၏ ရွှေသားနှင့် ကျောက်မျက်ရတနာ စုစုပေါင်းအလေးချိန်မှာ ၂၂၄ိ၊ ၁၁ဲ (နှစ်ရာနှစ်ဆယ့်လေးကျပ်၊ ဆယ့်တစ်ပဲ) ဖြစ်သည်။ ရွှေစင်ရွှေသား စလွယ်တော်ကြီး၏ ရွှေသားနှင့် ကျောက်မျက်ရတနာ စုစုပေါင်း အလေးချိန်မှာ ၃၄ဂိ၊ ၁၁ဲ၊ ၄ရွေး (သုံးရာလေးဆယ့်ခုနစ်ကျပ်၊ တစ်ဆယ့်တစ်ပဲ၊ လေးရွေး) ဖြစ်သည်။ ရွှေစင်ရွှေသား မကိုဋ်တော်ကြီးနှင့် စလွယ်တော်ကြီးတို့၏ ကာလတန်ဖိုးငွေ စုစုပေါင်းမှာ- ၂,၁၉,၀၁,၃၃၇/- (ကျပ်နှစ်ရာ့တစ်ဆယ့်ကိုးသိန်း တစ်ထောင့်သုံးရာသုံးဆယ့်ကိုး)ဖြစ်ပါသည်။ (ထိုအလေးချိန်နှင့် တန်ဖိုးငွေများမှာ (၂၂-၈-၉၆)နေ့အထိသာ ဖြစ်ပါသည်။)

ရွှေစင်ရွှေသား မကိုဋ်တော်ကြီးနှင့် စလွယ်တော်ကြီးများအား ကောဇာ



သက္ကရာဇ် (၁၃၅၈)ခုနှစ်၊ ဝါခေါင်လဆန်း (၉)ရက် (၂၃-၈-၉၆)၊ သောကြာနေ့နံနက် (၈)နာရီ (၁၀)မိနစ်တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင်၊ ရောဝတီတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်တင် ဦးဆောင်၍ ဟင်္သာတခရိုင် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်၊ တိုင်း/ခရိုင်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဇလွန်မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးတင့်၊ အတွင်းရေးမှူး ဦးဟန်စိုး၊ အဖွဲ့ဝင် (၁) ဒုရဲမှူး ထွေးမြင့်၊ အဖွဲ့ဝင်(၂) လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနနှင့် သာသနာရေးမှူး ဦးအေးသန်းနှင့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်လှိုင် ခေါင်းဆောင်သော ဂေါပကအဖွဲ့ဝင် အသီးသီးတို့က သြဝါဒါစရိယဆရာတော်ကြီး (၉)ပါးနှင့် ရဟန်းရှင်လူတို့ရှေ့တွင် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလှူရှင်အားလုံး၏ ကိုယ်စား ရေစက်ချအမျှဝေခြင်း အခမ်းအနားကိုလည်း ထိုနေ့မှာပင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

## ဘုရားကြီးအား မျက်နှာတော်သစ်ခြင်းနှင့် ရောင်တော်ဖွင့်ခြင်း

၁၃၅၈ ခုနှစ်၊ ဝါဆိုလပြည့် (မွေစကြာနေ့) နံနက်(၄)နာရီမှ စတင်၍ ဘုရားကြီးအား မျက်နှာတော်သစ်ခြင်း၊ ရောင်တော်ဖွင့်ခြင်း၊ ကုသိုလ်ကောင်းမှုကို နေ့စဉ်ဆောင်ရွက်ခဲ့ကြသည်။

[မျက်နှာတော်သစ်၊ ရောင်တော်ဖွင့် ပူဇော်ခြင်းအတွက် ရွှေဖလား၊ ရွှေသပိတ်၊ ရွှေလင်ပန်း၊ ရွှေကလပ်၊ ရွှေတံပူတို့ကို ကျပ်သိန်းပေါင်း (၁၆၀) ခန့်ဖြင့် ပြုလုပ်လှူဒါန်းနိုင်ရန် (၁-၁၀-၉၆)ရက်နေ့မှစ၍ အလှူခံကာ ဆောင်ရွက်လျက်ရှိပါသည်။]

ရောင်တော်ဖွင့် ကုသိုလ်ကောင်းမှုကို ဇလွန်မြို့ပေါ်မှ-

(၁) ဂန္ဓာရုံကျောင်းဆရာတော် ဦးကောသလ္လ
(၂) အင်္ဂဗိုလ်ကျောင်းဆရာတော် ဦးဝါယမိန္ဒ

www.burmeseclassic.com

www.burmeseclassic.com



(၃) သိတာရုံကျောင်းဆရာတော် ဦးအာစိဏ္ဏ
(၄) မင်းကွန်းကျောင်းဆရာတော် ဦးဇာနေယျ တို့က တာဝန်ရှိ ဂေါပက အဖွဲ့ဝင်များ၊ ပရိတ်တော်အဖွဲ့များနှင့်အတူ အလှည့်ကျ နေ့စဉ် ဆောင်ရွက်ခဲ့ကြသည်။

## မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး၏ ဂါထာတော်(၄)ဆူ(အနက်)

### မြန်မာပြန်

မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီးရှိ သင်းကျစ်တော်ဂါထာ၊ လက်ယာလက်ရုံးတော်ဂါထာ၊ လက်ဝဲလက်ရုံးတော်ဂါထာနှင့် စမ္မခဏ်ဂါထာ (၄)ဆူမှာ စန္ဒသူရိယမင်း သွန်းလုပ်ပူဇော်စဉ်က မရှိခဲ့ပါ။ အမရပူရသို့ ကြွချီရောက်ရှိတော်မူချိန်မှ (ခင်ကြီးပြောင်) ဆရာတော်ဘုရားကြီး စီရင်ရေးသားတော်မူကြောင်း အထောက်အထားအရ သိရှိရပါသည်။

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားမင်း လက်ထက်တွင် ခင်ကြီးပြောင်ဆရာတော်(ဆရာတော် ခင်ကြီးဖျော်၏ ဆရာ)က မာရ်အောင်မြင်ဘုရားသည် ဆုတောင်းပြည့်သည်နှင့်အညီ အန္တရာယ် အသွယ်သွယ်တို့မှ လွတ်မြောက်နိုင်စေရန် ဗုဒ္ဓတရားတော်၏ အဆီအနှစ်များကို စုစည်း၍ အပြည့်အစုံ ပါဝင်အောင် ရေးသားစီရင်တော်မူခြင်းဖြစ်ပါသည်။

ဆရာတော်က ဂါထာ(၄)ဆူအား ပါဠိဘာသာဖြင့် ရေးသားပြီး ဇလွန်မြို့သို့ ဘုရားကြီး ကြွချီရောက်ရှိတော်မူပြီးမှ ဇလွန်မြို့သား ဆရာ ဦးမောင်ရှင်းက ပါဠိဘာသာကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ခြင်းဖြစ်သည်။ ဘုရားဆင်းတုတော်ကြီး ထိုင်တော်မူရာ ထိုင်ခုံ (စမ္မခဏ်)၏ ရှေ့ဘက်မျက်နှာစာတွင် (စမ္မခဏ်ဂါထာ)ကို ရေးထိုးထားကြောင်း သိရှိရပါသည်။

ဂါထာတော်(၄)ဆူ၏ မြန်မာပြန်(အနက်)များကို မူရင်းအတိုင်း ဖော်ပြထားပါသည်။



## သင်းကျစ်တော်ဂါထာ (ပါဠိ)

ဩဘာသ ကာသပဏ္ဍာယ
ဥပသိမာ မမ မောဠိ
ဇဟိ ဇဟိ ဗုဒ္ဓံဝါ ဓမ္မံဝါ
သံဃံဝါ သဂ္ဂေသုဝါ ဟုရုံဝါ။

## သင်းကျစ်တော်ဂါထာ (မြန်မာပြန်)

**သဂ္ဂေသုဝါ၊** နတ်ပြည်ဗြဟ္မာ့ပြည် တို့၌လည်းကောင်း။ **ဟုရုံဝါ၊** လူ့ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည် စသည်တို့၌လည်းကောင်း။ **ယံကိဉ္စိ၊** ကြွင်းမဲ့ဥဿုံ ကုန်စင်စေထသော။ **ယံရတနံ၊** အကြင်ရတနာသည်။ **ပဏီတံ၊** မွန်မြတ်၏။ **တံရတနံ၊** ထိုရတနာသည်။ **ယေန၊** အကြင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာနှင့်။ **သမံ၊** တူသည့်။ **နတ္ထိ၊** မရှိ။ **တံ ဗုဒ္ဓံဝါ၊** ထို ဘုရားရတနာ သည်လည်းကောင်း။ **တံ ဓမ္မံဝါ၊** ထို တရားရတနာ သည်လည်းကောင်း၊ **တံ သံဃံဝါ၊** ထို သံဃာရတနာ သည်လည်းကောင်း။ **မမ၊** ကျွန်ုပ်၏။ **မောလိ၊** မြင့်မြတ်သော ဥဏ္ဏှောင်းထက်သို့။ **ကာသပဏ္ဍာယ၊** ပွင့်လင်းသော အရောင်အဝါဖြင့်။ **ဥပသိမာ ဥပသိမာယ၊** နှိပ်စက်တတ်သော ဘေးရန်အပေါင်းတို့ကို ငြိမ်းအေးစေခြင်းငှာ။ **ဩဘာသ၊** မြင့်မြတ်သောမင်္ဂလာဖြင့်။ **ဇဟိ ဇဟိ၊** မဆိုင်းမတွ လျှင်မြန်စွာ ကြွတော်မူပါအရှင်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



## လက်ယာလက်ရုံးတော်ဂါထာ (ပါဠိ)

သံသာရ စက္ကဝိဒ္ဓံသံ၊
သံသုဒ္ဓ မသယသြရသံ။
သံဆိန္နကံ ဘဝေ အာသံ၊
သံဃံ အပိ သုမာနသံ။

## လက်ယာလက်ရုံးတော်ဂါထာ (မြန်မာပြန်)

**သံသာရ စက္က ဝိဒ္ဓံသံ၊** သံသရာတည်းဟူသော စက်အကန့်တို့ကို ချိုးဖဲ့ဖျက်ဆီးတော်မူတတ်ထသော။ **သံသုဒ္ဓံ၊** ညစ်ကျူယုတ်မာ ကိလေသာတို့မှ ကောင်းစွာ စင်ကြယ်ပြီးသော စိတ်ရှိတော်မူထသော။ **ဘဝေ၊** ဘဝသုံးပါး၌။ **အာသံ၊** ချစ်ခင်တွယ်တာ အာသာတဏှာကို။ **သံဆိန္နကံ၊** ကောင်းစွာ ပယ်သတ်တကယ် မြတ်တော်မူပြီးထသော။ **သုမာနသံ၊** အံ့ချီးခြင်းငှာ မစွမ်းနိုင်ရာ လွန်စွာကောင်းမြတ်သော စိတ်နှလုံးတော်ရှိထသော။ **ဗုဒ္ဓံပိ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **အဿ၊** ထိုမြတ်စွာဘုရား၏။ **ဓမ္မံပိ၊** မဂ်လေးတန်၊ ဖိုလ်လေးတန်၊နိဗ္ဗာန်ပရိယတ္တိဟူသော ဆယ်ပါးသော တရားမြတ်ကိုလည်းကောင်း၊ သြရသံ၊မြတ်စွာဘုရား၏ ရင်နှစ်သည်းချာ သားရတနာဖြစ်တော်မူသော။ **သံဃံပိ၊** ရှစ်ယောက်သော အရိယာသံဃာတော်မြတ် အပေါင်းကိုလည်းကောင်း။ **အဟံ၊** ကျွန်ုပ်သည်။ **ဝန္ဒာမိ၊** အဥ္ဇလီညွှတ်ခါ ရှိခိုးပါ၏ အရှင်ဘုရား။ ။

## လက်ဝဲလက်ရုံးတော်ဂါထာ (ပါဠိ)

တံ မေ သ ဒီ ကော မံ သု ရေ၊
သော အ ပ နာ ပ သု သု ပိ
အ ဓံ သိ တိ ဖု ဝိ သိ ဝေ၊
က ကော က ဂေါ နမာမဟံ။



## လက်ဝဲလက်ရုံးတော်ဂါထာ (မြန်မာပြန်)

**တံ- တဏှင်္ကရာ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **မေ- မေဓင်္ကရာ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **သ- သရဏင်္ကရာ၊** မြတ်စွာဘုရားကိုလည်းကောင်း၊ **ဒီ- ဒီပင်္ကရာ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **ကော- ကောဏ္ဍည၊**မြတ်စွာဘုရားကိုလည်းကောင်း။ **မံ- မင်္ဂလ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **သု- သုမန၊** မြတ်စွာဘုရားကိုလည်းကောင်း။ **ရေ- ရေဝတ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **သော- သောဘိတ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **အ- အနောမဒဿီ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **ပ- ပဒုမ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **နာ- နာရဒ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **ပ- ပဒုမုတ္တရ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **သု- သုမေဓ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **သု- သုဇာတ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **ပိ- ပိယဒဿီ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **အ- အတ္ထဒဿီ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **ဓံ- ဓမ္မဒဿီ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **သိ- သိဒ္ဓတ္ထ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **တိ- သိဿ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **ဖု- ဖုဿ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **ဝိ- ဝိပဿီ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **သိ- သိခီ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **ဝေ- ဝေဿဘူ၊** မြတ်စွာဘုရားကိုလည်းကောင်း။

**က- ကကုသန်၊** မြတ်စွာဘုရားကိုလည်းကောင်း။ **ကော- ကောဏာဂုံ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **က- ကဿပ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **ဂေါ- ဂေါတမ၊** မြတ်စွာဘုရားကိုလည်းကောင်း။ **အဟံ၊** အကျွန်ုပ်သည်။ **နမာမိ၊** ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။ ။

### စမ္ပခဏ်ဂါထာ(ပါဠိ)

ဣတိပိ ပိဋကတ္တယံ အနိစ္စံ ဒုက္ခံ အနတ္တံ
သတ္တဗောဇ္ဈင်္ဂေါ အဋ္ဌင်္ဂိကော မဂ္ဂေါ
စတုပဋ္ဌာနံ သမ္ဗုဿလက္ခဏော သဟဿသုရိယော
ဩဘာသ် နမော မေတ္တာနံ ရာဇဘာယံ စောရဘာယံ

www.burmeseclassic.com

www.burmeseclassic.com



ဥဒကဘယံ အဂ္ဂိဘယံ သတ္တုဘယံ သဗ္ဗဘယံ
ဇေယျော ဇယတု မင်္ဂလံ
အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ
ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ ခမတိ။

## စမ္မခက်ဂါထာတော်(မြန်မာပြန်)

**ပိဋကတ္တယံ၊** ပိဋကတ်သုံးပုံသည်။ **ဣတိပိ ဣမိနာစ ကာရဏေန၊** ဤသို့ ဖြစ်ခြင်း၊ ပျက်ခြင်း သဘောရှိသော အကြောင်းကြောင့်လည်း။ **အနိစ္စံ၊** အနိစ္စမည်၏။ **ဣတိပိ ဣမိနာစ ကာရဏေန၊** ဤသို့ ဖြစ်ခြင်း၊ ပျက်ခြင်းတို့သည် မပြတ် နှိပ်စက်ခြင်းသဘောရှိသော အကြောင်းကြောင့်လည်း။ **ဒုက္ခံ၊** ဒုက္ခမည်၏။ **ဣတိပိ ဣမိနာစ ကာရဏေန၊** ဤသို့ မိမိအလိုသို့ မလိုက်ခြင်း သဘောရှိသော အကြောင်းကြောင့်လည်း။ **အနတ္တံ၊** အနတ္တမည်၏။

**သတ္တဗောဇ္ဈင်္ဂေါ၊** ခုနစ်ပါးသောဗောဇ္ဈင်သည်လည်းကောင်း။ **အဋ္ဌင်္ဂိကော၊** အင်္ဂါရှစ်ပါးရှိသော။ **မဂ္ဂေါ၊** မဂ်သည်လည်းကောင်း။ **စတုပဋ္ဌာနံ အရမ္မဏာ ဥပနိဿယ ကမ္မအတ္ထိ၊** ပစ္စည်းဟူသောလေးပါးသော ပဋ္ဌာန်းသည်လည်းကောင်း။ **သဗ္ဗဿ၊** အလုံးစုံသော တရားအပေါင်းကို။ **ဉာနေန၊** ဉာဏ်ရော အစိုးရတော်မူသော မြတ်စွာဘုရားသည်လည်းကောင်း။ **သဟဿသူရိယော၊** ရောင်ခြည် တစ်ထောင် အလင်းကိုဆောင်သော နေမင်းသည်လည်းကောင်း။ **ဣတိပိ ဣမိနာစ ကာရဏေန၊** ဤသို့ဖြစ်ခြင်း၊ ပျက်ခြင်း စသည့် သဘောရှိသောအကြောင်းကြောင့်လည်း။ **အနိစ္စံ၊** အနိစ္စမည်၏။ **ဒုက္ခံ၊** ဒုက္ခမည်၏။ **အနတ္တံ၊** အနတ္တမည်၏။ **သြောင်းဥတ္တမာနံ၊** အထူးသဖြင့် မြတ်တော်မူကုန်သော။ **မေတ္တာနံ၊** မဟာမေတ္တာ အရှင်ဖြစ်တော်မူကုန်သော ဘုရားရှင်တို့အား။ **အဟံ၊** တပည့်တော်သည်။ **နမော၊** ရှိခိုးပါ၏။

**တေသံ၊** ထိုမေတ္တာအရှင် ဖြစ်တော်မူကုန်သော ဘုရားရှင်တို့၏။ **အာနုဘာဝေန၊** မေတ္တာတော် အာနုဘော်တော်အားဖြင့်။ **ရာဇဘယံ၊** မင်းဘေးကိုလည်းကောင်း။ **စောရဘယံ၊** ခိုးသူဘေးကိုလည်းကောင်း။ **ဥဒကဘယံ၊** ရေဘေးကိုလည်းကောင်း။



**အဂ္ဂိဘယံ၊** မီးဘေးကိုလည်းကောင်း။ **သတ္တုဘယံ၊** ဓား လက်နက်ဘေးကိုလည်းကောင်း။ **သဗ္ဗဘယံ၊** အလုံးစုံသော ဘေးကိုလည်းကောင်း။ **ဇေယျော၊** အောင်မြင်နိုင်သည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။ **မင်္ဂလံ၊** ကုသိုလ်မင်္ဂလာသည်။ **ဇယတု၊** အောင်မြင်နိုင်သည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။ **ယသ္မာ၊** အကြင် ကြောင့်။ **ပဋိစ္စသမုပ္ပန္နံ၊** အကြောင်းတရားကို စွဲ၍ဖြစ်သော အကျိုးတရားသည်။ **သင်္ခတံ၊** ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရား လေးပါး တို့သည် ပေါင်းကာပြုပြင်အပ်သည်ဖြစ်၍။ **အနိစ္စံ၊** အမြဲမရှိ။ **ခယဓမ္မံ၊** ကုန်ခြင်း သဘောရှိ၏။ **ဝယဓမ္မံ၊** ပျက်ခြင်းသဘောရှိ၏။ **တသ္မာ၊** ထို့ကြောင့်။ **ဝိရာဂဓမ္မံ၊** ရာဂကင်းခြင်းသဘောရှိသော။ **နိရောဓဓမ္မံ၊** ချုပ်ငြိမ်းခြင်းသဘောရှိသော နိဗ္ဗာန်ကို။ **ပဏ္ဍိတော၊** ပညာရှိအပေါင်းသည်။ **ခမတိ၊** နှစ်သက်မြတ်နိုးတော်မူပါ၏ အရှင်ဘုရား။ ။

## မာရ်အောင်မြင် ပြည်တော်ပြန် ဘုရားကြီး၏ အံ့သြကြည်ညိုဖွယ်ရာ တန်ခိုးတော်များ

မာရ်အောင်မြင် ပြည်တော်ပြန် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်ကြီး၏ အံ့သြကြည်ညိုဖွယ်ရာ တန်ခိုးတော်များကို ရဟန်းရှင်လူ ပြည်သူအများ ဖူးခွင့်မကြုံ မြင်ခွင့်မရသည်များလည်း ရှိကြပေမည်။ ကိုယ်တွေ့ ဖူးခွင့်မြင်ခွင့် ရသူများလည်း အများအပြား ရှိခဲ့သည်။ ထို့အတူ ယခင် သမိုင်းအထောက်အထားများအရ သိရှိ ရခြင်းများလည်း ရှိပါသည်။ ထိုသို့သော အံ့သြဖွယ်ရာများထဲမှ အချို့ကို ကောက်နုတ် ဖော်ပြထားပါသည်။

(၁) အင်္ဂလိပ်နယ်ချဲ့မိစ္ဆာတို့က ဇလွန်မြို့မှ အိန္ဒိယပြည် ဘုံဘေမြို့သို့ သယ်ဆောင်သွားပြီး၊ ထုရိုက်ခြင်း၊ အရည်ကျိုခြင်း ပြုလုပ်ရာတွင် လုံးဝ ဖျက်ဆီး၍ မရဘဲ မြန်မာပြည်သို့ ပြန်ပို့ခဲ့ရသည်မှာ ဘုရားကြီး၏ အံ့သြကြည်ညိုဖွယ်ရာ တန်ခိုးတော်ဖြစ်ကြောင်း ထင်ရှားနေပါသည်။

(၂) ၁၂၈၀ ခုနှစ်အတွင်း ကမ်းနား ယာယီစံကျောင်းတော်၌ သီတင်းသုံးနေစဉ် ရေကြီးခြင်းဘေးနှင့် ကြုံရသော်လည်း မာရ်အောင်မြင် ဆင်းတုတော်ကြီးမှာ

www.burmeseclassic.com

www.burmeseclassic.com



ရေမမြုပ်ဘဲ ရေကန်တော့ ထိုးနေခဲ့သည်။ အခြားဆင်းတုတော်များ ရေမြုပ်နေခဲ့သည်။ အလားတူ ကမ်းနားရပ်ကွက် မီးဘေးကြုံတွေ့စဉ်ကလည်း ဘုရားကြီးမှာ မီးမလောင်ဘဲ မီးကွင်းခဲ့သည်။

(၃) ၁၃၃၆ ခုနှစ်၊ တပို့တွဲလဆန်း (၂) ရက်နေ့ ညနေ (၅)နာရီခန့် အချိန်မှစ၍ (၁၇)ရက်တိတိ ရောင်ခြည်တော် ကွန့်မြူးသည်ကို ဖလွန်မြို့ရှိ ရဟန်းရှင်လူများ မျက်မြင်ဖူးတွေ့ရသည်။

(၄) ဒုတိယ ကမ္ဘာစစ်အတွင်း ဖလွန်မြို့တွင် ဗုံးဆန်၊ အမြောက်ဆန်များ ကျရောက်ခဲ့သော်လည်း ဘုရားကြီးနှင့် သာသနိက အဆောက်အအုံများ လုံးဝ ထိမှန်မှုမရှိခဲ့သည်ကိုလည်း ဖလွန်မြို့သူမြို့သားများ၊ ရဟန်းရှင်လူများ ဖူးတွေ့ခဲ့ရသည်။

(၅) မျက်နှာတော်မှာ အမြဲ ပြုံးရွှင်ကြည်လင်နေပြီး ဘေးဥပဒ် အန္တရာယ် တစ်ခုခု ကျရောက်မည့်အခါတွင် မျက်နှာတော်မရွှင်၊ မကြည်လင်ခြင်းကိုလည်း ဖလွန်မြို့မှ ရဟန်းရှင်လူများ မျက်မြင်ဖူးတွေ့ကြရပါသည်။

(၆) ဆုတောင်းပြည့်လွန်း၍ မြန်မာမင်းများ ကိုးကွယ်စဉ်ကာလက မင်းညီမင်းသားများ မဖူးမြော်ရန် ပိပ်ပင်ထားကြောင်းကိုလည်း သမိုင်းအထောက်အထားများ ရှိခဲ့သည်။ ယနေ့အထိလည်း ဆုတောင်းပြည့်မှုကို ရဟန်းရှင်လူများ လက်ခံယုံကြည် နေခဲ့ကြသည်။ ကိုယ်တွေ့ကြုံသူများလည်း အများအပြားရှိကြသည်။

(၇) စမ္မခဏ်ဂါထာတော်မှာ ဘေးဥပဒ်မှန်သမျှ ကင်းဝေးကြောင်း၊ ရွတ်ဖတ်ပူဇော်သူမှန်သမျှ လက်ခံယုံကြည်ထားကြသည်။ ထိုဂါထာကြောင့် ကိုယ်တွေ့အန္တရာယ်မှ လွတ်မြောက်ခြင်း အကြောင်းကို (၁၉၉၆)ခုနှစ်၊ ဩဂုတ်လထုတ် ဘိုမင်းဖြူ (ဥပဒေ)၏ ဖလွန် ပြည်တော်ပြန်ဘုရားကြီးရှိ **"စမ္မခဏ်ဂါထာတော်၏ဂုဏ်ကျေးဇူးများ"** စာအုပ်ကို ဖတ်ရှုသိရှိနိုင်သည်။ မြန်မာပြည်အနှံ့ စမ္မခဏ်ဂါထာ၏ ဂုဏ်ကျေးဇူးကို ကြုံဖူးသူများလည်း အများအပြားရှိပါသေးသည်။



(၈) ဘုရားကြီး၏ လက်ယာနှင့် လက်ဝဲမျက်ရစ်တော်တို့တွင် ဆန်ကျိုးခန့် ပမာဏရှိသော အရောင်တောက်ပနေသည့် ခရေပွင့်သဏ္ဍာန် (ငါးပွင့်)စီ ရွှေ့လျားနေသည်ကို(စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ) ဆရာကြီး ဦးသုခက မှန်ဘီလူးဖြင့် ကိုယ်တိုင်ဖူးခဲ့ရကြောင်း(၁-၁-၈၂)ထုတ် ရတနာမွန်မဂ္ဂဇင်းတွင် ဆောင်းပါးရေးသားခဲ့သည်ကိုလည်းကောင်း၊ သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသော သာသနာ့ရောင်ခြည်စာစောင်၊ အတွဲ(၆)၊ အမှတ်(၃)၊ (၂၄-၂-၈၆) ရက်စွဲ စာမျက်နှာ ၁၀-တွင်လည်းကောင်း၊ ဆောင်းပါးရှင် မောင်တက်အင်းက **"အန္တရာယ်နှင့် ရန်စွယ်လုံခြုံ ဗုဒ္ဓဂုဏ်"** အမည်ဖြင့် ဤစမ္မခဏ်ဂါထာ၏ အစွမ်းသတ္တိကြောင့် သေဘေးမှ လွတ်ခဲ့ပုံကိုလည်း ရေးသားခဲ့ပါသေးသည်။

## တပေါင်းလ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပခြင်း

အိန္ဒိယပြည်၊ ဘုံဘေမြို့မှ ဟသ်ာတမြို့၊ ဟသ်ာတမြို့မှ ဖလွန်မြို့သို့ ကောဇာသက္ကရာဇ် (၁၂၁၉)ခုနှစ်တွင် ပြန်လည်ကြွရောက်သည့် ကာလတွင် ဖလွန်မြို့ရှိ ရဟန်းရှင်လူတို့က ဝန္ဒနာပွဲကြီး ကျင်းပခဲ့ကြောင်း သိခဲ့ရသည်။ ထိုပွဲကြီးတွင် (ဖလွန်မြို့၊ အမိန့်တော်ရ ရှေ့နေဦးပု)က ဘုရားကြီး၏ ဘုန်းတန်ခိုးတော်များအား ချီးကျူးပူဇော်သည့် (လေးချိုးကြီး) တစ်ပုဒ်က သက်သေခံလျက်ရှိသည်။ ၄င်းလေးချိုးကြီးကို နောက်ပိုင်းတွင် သီးခြားဖော်ပြထားပါသည်။

ထို့နောက် ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်ကျင်းပခြင်း မရှိသော်လည်း အခါအားလျော်စွာ ကာလဒေသ အခြေအနေများနှင့်အညီ ကျင်းပခဲ့ကြောင်း (မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ဖူးသူများထံမှ) သိရှိခဲ့ရသည်။ ဘိုးပုဏ္ဏားကန်းသို့ ကြွရောက်သီတင်းသုံးနေတော်မူခဲ့သည့် အချိန်အထိ ကျင်းပခဲ့ကြောင်း သိရှိရသည်။

ကောဇာသက္ကရာဇ် ၁၃၃၆-ခုနှစ်တွင် ဘုရားဆင်းတုတော်နှင့် စေတီတော်ထီးမှ ရောင်ခြည်တော်များ ကွန့်မြူးသည်ကို ဖလွန်မြို့ရှိ ရဟန်းရှင်လူများ ကိုယ်တွေ့ ဖူးခဲ့ကြရသည်မှစ၍ ဘုရားကြီးတွင် ပဌာန်းဒေသနာများကို

www.burmeseclassic.com

www.burmeseclassic.com



သံဃာတော်များက အသံမစဲရွတ်ဖတ်ခြင်း၊ ဘုရားပွဲတော် ကျင်းပခြင်းများ ပြုလုပ်လာခဲ့သည်။

ပထမဆုံး တပေါင်းလတွင် ကျင်းပပြုလုပ်သော ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ကောဇာသက္ကရာဇ် (၁၃၃၈)ခုနှစ်၊ တပေါင်းလဆန်း (၉)ရက်နေ့မှစ၍ လပြည့်နေ့အထိ (၇)ရက်တိုင်တိုင် ကျင်းပခဲ့ကြသည်။

ထိုနှစ်မှစ၍ မြို့နယ်အဆင့်ဆင့် အုပ်ချုပ်ရေးအဖွဲ့များ၊ ဂေါပကအဖွဲ့များက ဦးဆောင်ပြီး နှစ်စဉ် တပေါင်းလဗုဒ္ဓပူဇနီယပွဲတော်ကြီးကို (၇)ရက်ကျင်းပရန် ဆုံးဖြတ်ကျင်းပခဲ့ကြသည်။ ဗုဒ္ဓပူဇနီယပွဲတော်ကို ကျင်းပပြုလုပ်ပေးခြင်းကြောင့် မြန်မာပြည်အနှံ့အပြားမှ ရဟန်းရှင်လူများ ပိုမိုသိရှိလာပြီး ဘုရားဖူးသူများ များပြားလာခြင်း၊ အလှူဒါနပြုမှုများကြောင့် ဘုရားကြီးတွင် တန်ခိုးတော်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာခြင်းများ ဖြစ်ပေါ်ခဲ့ရသည်။

ကောဇာသက္ကရာဇ် (၁၃၆၀)ခုနှစ်၊ ခရစ်နှစ် (၁၉၉၈) ခုနှစ်အထိ တပေါင်းလ ဗုဒ္ဓပူဇနီယပွဲတော်ကြီးမှာ (၂၁)နှစ်မြောက်သို့ ရောက်ရှိခဲ့၍ ဘုရားပွဲတော်ကြီးနှင့် ဆက်နွယ်ပြီး ဘုရားကြီး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုတို့သည်လည်း သုံးမခန်းမအောင် ရှိနေပါတော့သည်။

## အပိုင်း (၃)

## မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီး၏ သာသနိက အဆောက်အအုံများ

### ဘုရားကြီး၏ တည်နေရာနှင့် အကျယ်အဝန်း

ဘုရားကြီး ကိန်းဝပ်စံပယ်တော်မူရာ နေရာမှာ ဘိုးပုဏ္ဏားကုန်းဟု ခေါ်သည်။ ဘိုးပုဏ္ဏားကုန်း၏အရှေ့ဘက်တွင် မင်းကွန်းကျောင်းတိုက်နှင့် မစိုးရိမ်ကျောင်းတိုက်၊ အနောက်ဘက်တွင် သရက်တောကျောင်းတိုက် (ယခုသီတာရုံကျောင်းတိုက်)နှင့် အခြေခံပညာအထက်တန်းကျောင်း (ယခင်–အမျိုးသားကျောင်း)၊ တောင်ဘက်တွင် ပုပ္ဖာရုံကျောင်းတိုက်၊ ဓမ္မိကာရုံကျောင်းတိုက်နှင့် ဂန္ဓာရုံကျောင်းတိုက်၊ မြောက်ဘက်တွင် ဗိုလ်ချုပ်လမ်း (ယခင်–ကော့ကပ်



တာကလေး) တို့ရှိသည်။ ဘုရားကြီး၏ ပရိဝုဏ်အကျယ်အဝန်း (၁၀)ဧကရှိ၍ ထောင့်လေးခု၌ ကျောက်တိုင်ငုတ်များဖြင့် စိုက်ထူသတ်မှတ်ထားသည်။

ထိုမြေ (၁၀)ဧကကို ဇလွန်မြို့၊ လမ်းမတော် တောင်ရပ်ကွက်နေ ဦးသူငယ်+ဒေါ်ကွန်းတို့က အလှူငွေ (၁၅၀၀ိ)၊ အဗျင်းရွာနေ ဦးရွှေလာက အလှူငွေကျပ် (၁၅၀၀ိ)၊ ဗုဒ္ဓနုဂ္ဂဟအသင်းက အလှူငွေကျပ် (၆၅၉ိ)၊ စုစုပေါင်းကျပ် (၃၆၅၉ိ) ဖြင့် မူလပိုင်ရှင် ဒေါ်သွယ်နှင့် ဒေါ်သီးတို့ထံမှ ဝယ်ယူလှူဒါန်းခဲ့ကြသည်။

### ရင်ပြင်တော်ကုန်းမြေ

ရင်ပြင်တော်ကုန်းမြေ (ဂန္ဓကုဋိတိုက်တော်ကြီးနှင့် တန်ဆောင်းကြီး ဆောက်လုပ်ရန် တောင်တော်ကုန်း)ကို ၁၂၇၉–ခု၊ တပေါင်းလပြည့်ကျော် (၁)ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီ ၄ မိနစ်တွင် ဂန္ဓကုဋိတိုက်တော်ကြီး ဆောက်လုပ်မည့် ပန္နက်များနှင့် တစ်ပြိုင်တည်းချခဲ့ကြသည်။

### ဂန္ဓကုဋိတိုက်တော်ကြီး

၁၂၈၀–ပြည့်နှစ်၊ ကဆုန်လပြည့်နေ့တွင် ဇလွန်မြို့နယ် ကညင်ကွင်းကျေးရွာနေ ကွယ်လွန်သူ ဦးရွှေကုန်း၏ဇနီး ဒေါ်မင်းသွယ်က တောင်တော်မြေဖို့ရန်စရိတ် ငွေကျပ် ၂၀၀၀/ လှူဒါန်းပြီး ၁၂၈၃–ခုနှစ်၊ ကဆုန်လဆန်း (၁၁)ရက်နေ့နှင့် (၁၂)ရက်နေ့တို့တွင် အလျားပေ(၃၀)၊ အနံပေ (၃၀)ရှိ ဂန္ဓကုဋိတိုက်ကို အုတ်မြစ်ချခဲ့၍ ပြာသိုလဆန်း (၆)ရက်၊ အင်္ဂါနေ့တွင် မူလအုတ်မြစ်၌ (၄) ပေစီ တိုးချဲ့ကာ အလျား (၃၈)ပေ၊ အနံ (၃၈)ပေရှိ အုတ်ဂန္ဓကုဋိတိုက်တော်ကြီးကို စတင် ဆောက်လုပ်ခဲ့သည်။

၁၂၈၆–ခုနှစ်၊ နတ်တော်လပြည့်ကျော် (၃)ရက်နေ့တွင် ဦးရွှေကုန်း+ဒေါ်မင်းသွယ်တို့၏သား ကညင်ကွင်း ရွာသူကြီး ဦးဘိုးဟန်က ဓနုဖြူမြို့နယ် ကျုံတုံးကျေးရွာ ဆရာတော်ဦးနန္ဒ ဦးစီးမှုဖြင့် ပန်းရံဆရာ ဦးစံဖေနှင့် အဒူလာမြစ်တို့ကို ငှားရမ်းပြီး စေတီပေါက် အုတ်ဂန္ဓကုဋိတိုက်ကြီးကို ဆက်လက်ဆောက်လုပ်သည်။

ဂန္ဓကုဋိတိုက်တော်ကြီး၏အမြင့်မှာ စေတီတော်ပါ (၁၈၇)ပေ၊ (၆)

www.burmeseclassic.com

www.burmeseclassic.com



လက်မဖြစ်၍ ထီးတော်နှင့် စိန်ဖူးတော်အပါအဝင် ကျပ်(၁၇၀၀၀၀)ကျော်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ၁၂၉၉ ခုနှစ်တွင် ဂန္ဓကုဋိတိုက် အပြင်နံရံကြီး သုံးဘက်ကို ဇလွန်မြို့မ ဈေးသစ်ရပ်နေ သိမ်ကြီးအမ ဒေါ်စိန် သမီးမမြရင်တို့က ရွှေချမှုမ်းမံခဲ့သည်။ ဂန္ဓကုဋိတိုက်တော်ကြီးအပေါ်ရှိ စေတီတော်ကြီးအား ကြေးပြားခံ ရွှေသက်န်းကပ်လှူခြင်းကို (၁၉၉၂)ခုနှစ်တွင် ဂေါပကအဖွဲ့၏ စီစဉ်မှုဖြင့် ဆောင်ရွက်ခဲ့ကြသည်။

၁၉၉၅–ခုနှစ်တွင် ဆက်လက်၍ စေတီတော်၏ အောက်ဘက်တွင် ကြေးပြားခံ ရွှေသက်န်းကပ်လှူခဲ့သည်။ စေတီတော်၏အထက် မုခ်လေးပေါက်တွင် ရပ်တော်မူ ရုပ်ပွားတော် (၄)ဆူကို အလှူရှင်အသီးသီးတို့က အောက်ပါအတိုင်း လှူဒါန်းပူဇော်ထားကြသည်။

(က) အရှေ့ဘက်မုခ်ပေါက်ရှိ ရုပ်တော်မူရုပ်ပွားတော်ကို ဇလွန်မြို့၊ မြို့သစ်ရပ်၊ ရွှေပန်းထိမ်လုပ်ငန်းပိုင်ရှင် ဦးအောင်သန်း+ဒေါ်မြနု မိသားစုက ကျပ်(၁၂၀၀၀)။

(ခ) မြောက်ဘက်မုခ်ပေါက်ရှိ ရုပ်တော်မူရုပ်ပွားတော်ကို ဇလွန်မြို့ ပဒေသာပုံနှိပ်တိုက်ပိုင်ရှင် ဒေါ်ချောတီ၊ ဒေါ်မြတီ မိသားစုက ကျပ်(၁၂၀၀၀)။

(ဂ) အနောက်ဘက်မုခ်ပေါက်ရှိ ရုပ်တော်မူရုပ်ပွားတော်ကို ဇလွန်မြို့ ကမ်းနားရပ်ကွက် သစ်ဆိုင်ပိုင်ရှင် ဦးသိန်းမြင့်+ ဒေါ်နီ မိသားစုက ကျပ်(၁၂၀၀၀)။


(ဃ) တောင်ဘက်မုခ်ပေါက်ရှိ ရုပ်တော်မူရုပ်ပွားတော်ကို မန္တလေးမြို့ ရွှေအုပ်တံဆိပ် ရွှေဆိုင်းလုပ်ငန်းပိုင်ရှင် ဦးအုန်းရွှေ+ ဒေါ်မြင့်မြင့်သိန်း မိသားစုက ကျပ်(၁၂၀၀၀)အသီးသီး လှူဒါန်းခဲ့ကြသည်။

ဂန္ဓကုဋိတိုက်တော်ကြီး အမိုးသွပ်ပြားအသစ် ပြန်လည်မိုးခြင်းကို (၁၉၉၇)ခုနှစ်တွင် ကျပ်တစ်ဆယ့်ငါးသိန်းကျော်ဖြင့် ဂေါပကမှ ဦးဆောင်၍ အလှူများစုပေါင်း လှူဒါန်းခဲ့ကြသည်။

ဂန္ဓကုဋိတိုက်တန်ဆောင်းတော်ကြီး အမိုးပတ်လည်တွင် ပန်းထောင်၊




ရွှေဇဝါပန်းချီများ




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရွှေဇဝါပန်းချီများ





ပန်းဆွဲများကို ဇလွန်မြို့ကမ်းနားမြောက်ပိုင်းရပ် ဦးကြူ+ ဒေါ်မြတင်တို့၏သား၊ ပန်းတဉ်းပညာရှင်၊ဇလွန်မြို့ဇာတိ(ယခုရန်ကုန်မြို့၊တောင်ဥက္ကလာပနေ) ဦးမြသိန်း နှင့်အဖွဲ့၏ လက်ရာဖြင့် အများပြည်သူတို့က စုပေါင်းလှူဒါန်းခဲ့ကြသည်။

ဂန္ဓကုဋိတိုက်တော်ကြီး၏ ရှေ့ဘက်၊ ဝဲဘက်နှင့် ယာဘက်တို့တွင် မှူလက သံဘာဂျာတံခါးများ တပ်ဆင်ဆောက်လုပ်ထား၍ နောင်တွင် ထိုတံခါးများအတွင်းမှ မတ်ထု ၄ ပေ × ၆ ပေ အဆက်ပါသော မှန်တံခါးများကို အလှူရှင် အသီးသီးတို့က လှူဒါန်းခဲ့သည်။

၁၉၉၇–ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့တွင် ဧရာဝတီတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ်ညွန့်တင် ဇနီး ဒေါ်ခင်မျိုးဦး မိသားစုနှင့် ဦးထွန်းလွင် မိသားစုတို့က ထု ၅ မူး၊ ၁၂ ပေ × ၈ ပေ အဆက်မပါ မြင်ကွင်းကျယ်မှန်ချပ်ကြီးများကို ဂန္ဓကုဋိတိုက် အရှေ့နှင့် ဝဲ၊ ယာတို့တွင် ပြောင်းလဲတပ်ဆင် လှူဒါန်းခဲ့သဖြင့် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူအများ ကြည်ညိုစိတ်ပွား ထူးခြားသပ္ပါယ်စွာ ဖူးမြော်နိုင်ကြပြီ ဖြစ်ပါသည်။

**တန်ဆောင်းတော်ကြီး**

ဂန္ဓကုဋိတိုက်တော်ကြီးကို ဗဟိုပြု၍ တန်ဆောင်းကြီး တည်ဆောက်ရာ ၁၂၉၅–ခုနှစ်တွင် မြောက်ဘက်နံရံကြီးကို အမိဒေါ်ညိုနှင့် သားသမီးများက ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။၁၂၉၇–ခုနှစ်တွင် အရှေ့ဘက်နံရံကြီးကို ဈေးသစ်ရပ် မင်းကတော် ဒေါ်အေးမြနှင့် သားသမီးမြေးမြစ်များကလည်းကောင်း၊ တောင်ဘက်နံရံကြီးနှင့် အနောက်ဘက်နံရံကြီးကို အများပြည်သူတို့က စုပေါင်း၍လည်းကောင်း ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။

တန်ဆောင်းကြီး၏ အရှေ့ဘက်နံရံတွင် ဗုဒ္ဓဝင်နှင့် ဘာသာရေးဆိုင်ရာ အကြောင်းအရာများကို (ရွှေဇဝါ) ပန်းချီများ ရေးဆွဲထားသည်။ အနုပညာရှင်မှာ ဇလွန်မြို့၊ ကမ်းနားရပ်ကွက်မှ ဆရာဝင်းနှင့် ဆရာဖိန်းတို့ဖြစ်သည်။ တန်ဆောင်းကြီးအတွင်းရှိ တိုင်အလုံးပေါင်း (၂၀)တွင်လည်း ဇာတ်ကြီးဆယ်ဘွဲ့ ကောက်နုတ်ချက် ဗုဒ္ဓဝင်ပန်းချီများကို ရွှေဇဝါဖြင့် တန်ဆာဆင်ခဲ့သည်။ ထိုလက်ရာများကို

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၆–ခုနှစ်တွင် ရန်ကုန်မြို့၊ ဆရာဦးသောင်းထွန်း ပန်းယွန်း ပန်းချီအဖွဲ့မှ ရှေးမူမပျက် ပြန်လည်ပြုပြင်ခဲ့ကြသည်။

တန်ဆောင်းကြီး၏ နံရံအတွင်းဘက် မျက်နှာပြင်ကို ကြေးပြား မှန်ပြားတို့ဖြင့် မွမ်းမံထားသည်။

ဟန်ဆောင်းကြီးမှာ ဂန္ဓကုဋိတိုက်ကို ဗဟိုပြု၍ လေးဘက်လေးတန်မှ အမိုး (၂)ဆင့်ဖြင့် မိုး၍ထားပြီး အမိုးဒါယိကာမကြီးမှာ ဒေါ်လုံမလေး (သံတန်ဆောင်း ဒါယိကာမကြီး မဟုတ်) ဖြစ်သည်။

တန်ဆောင်းကြီးအတွင်းရှိ တိုင်အလုံးပေါင်း (၂၀) အလှူရှင်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အရှေ့မြောက်ထောင့်တိုင်၊ မူလအလှူရှင် ဈေးဟောင်းရပ် ဦးဘိုးသန်း+ဒေါ်ညှာ။
မှန်စီလှူဒါန်းသူ – ဦးအောင်သာ+ဒေါ်အုန်းမြ။

(ခ) အတွင်း (ပထမ)တိုင် မူလအလှူရှင် ဒေါ်ရွှေဂုန်။
မှန်စီလှူဒါန်းသူ – ဦးလှမောင်+ ဒေါ်မြရင် ကျောင်းကွင်းရွာ။

(ဂ) အတွင်း (ဒုတိယ)တိုင် မူလအလှူရှင် ဦးပေါ်လာ+ဒေါ်လေးကြီး။
မှန်စီလှူဒါန်းသူ – ဦးခင်မောင်+ဒေါ်ဆန်း၊ သီတာလမ်း၊ ဇလွန်မြို့။

(ဃ) အတွင်း (တတိယ)တိုင်၊ မူလအလှူရှင် ဦးပေါ်လာ + ဒေါ်ချုပ်ဖော်၊ တံတားကြီးဦးရွာ။
မှန်စီလှူဒါန်းသူ – ဒေါ်ညွန့် သမီး မဘီစိန်၊ ဇလွန်မြို့။

(င) အတွင်း (စတုတ္ထ)တိုင်၊ မူလအလှူရှင် ဦးစံထွား+ဒေါ်နှင်းဆီ သံလွင်ကွင်းရွာ၊ မှန်စီလှူဒါန်းသူ ဒေါ်နှင်းဆီမိသားစု။

(စ) အရှေ့တောင်ထောင့်တိုင်၊ မူလအလှူရှင် ဦးလူဖေ + ဒေါ်ရွှေလွန် မိသားစု၊ သံလွင်ကွင်းရွာ၊ မှန်စီလှူဒါန်းသူ ဦးငှတ်+ဒေါ်ကြည် သမီး၊ မတင်မေ၊ ညီမများ တာကြီးတန်း။

(ဆ) တောင်ဘက်အတွင်း (ပထမ)တိုင်၊ မူလအလှူရှင် ဇလွန်မြို့၊ လမ်းမတော် ရပ်၊ စက်ပိုင်ရှင် ဦးမောင်ကွန့်+ဒေါ်တင်။



မှန်စီလှူဒါန်းသူ – ဦးအုန်းခိုင် + ဒေါ်တင့် သား ကိုညိန်း။

(ဇ) အတွင်း (ဒုတိယ)တိုင်၊ မူလအလှူရှင် အမိ ဒေါ်ငွေဥ သမီး မရွှေရင် သား မောင်စံခင် ကွင်းကြီးရွာ။ မှန်စီလှူဒါန်းသူ ဦးအုန်းခင်+ဒေါ်သန်း ဗိုလ်ချုပ်လမ်း၊ လမ်းမတော်မြောက်၊ ဇလွန်မြို့။

(ဈ) အတွင်း (တတိယ)တိုင်၊ မူလအလှူရှင် ဦးရွှေထူး + ဒေါ်အေးသာ။
မှန်စီလှူဒါန်းသူ – ဦးတင်ထူး + ဒေါ်ကျင်ဟန်၊ ရန်ကုန်မြို့။

(ည) အတွင်း (စတုတ္ထ)တိုင် မူလအလှူရှင် ဒေါ်ကေသီ သမီး မတင် မြေး ဦးသန်းထွန်း + ဒေါ်ရီ၊ လှည်းတန်း၊ ရန်ကုန်မြို့။
မှန်စီလှူဒါန်းသူ – ဦးဟုတ်ကြည်+ ဒေါ်တင်အေး သမီး မမြမြစန်း။

**အနောက်ဘက် (ဝဲမှယာ)**

(ဋ) အနောက်တောင်ထောင့်တိုင် မူလအလှူရှင် မောင်ကျော် လမိုင်းရပ်၊ ဒေါ်မယ် သမီး မမြရွှေ၊ မထားရီ။
မှန်စီလှူဒါန်းသူ – ဦးထွန်းရွှေ+ဒေါ်ခင်ခင်၊ ဗိုလ်ချုပ်လမ်း၊ ဇလွန်မြို့။

(ဌ) အတွင်း (ပထမ)တိုင်၊ မူလအလှူရှင် ဦးရမ်ဘလီ+ဒေါ်ဟန်။
မှန်စီလှူဒါန်းသူ – ဒေါ်လှငွေ တူ၊ တူမများ၊ သီတာလမ်း၊ ဇလွန်မြို့။

(ဍ) အတွင်း(ဒုတိယ)တိုင်၊မူလအလှူရှင် ဦးဘိုးဦး+ဒေါ်ငွေသင်၊ တာကြီးတန်း။
မှန်စီလှူဒါန်းသူ –ဦးတက်ပြား+ဒေါ်စောကြည်၊ မေတ္တာလမ်း၊ ဇလွန်မြို့။

(ဎ) အတွင်း(တတိယ)တိုင်၊ မူလအလှူရှင် အငြိမ်းစားရဲဝန် ဦးဘ+ဒေါ်ခင်၊
မှန်စီလှူဒါန်းသူ – စမွယ်ရုံဆရာတော်၏ မယ်တော် ဒေါ်အုန်း တံတားဦးရွာ။

(ဏ) အတွင်း (စတုတ္ထ)တိုင်၊ မူလအလှူရှင် ဦးဘိုးချို +ဒေါ်သီ။
မှန်စီလှူဒါန်းသူ – ဦးအောင်ဝင်း+ဒေါ်ပု၊ ဗျင်းညားရွာ၊ ဇလွန်မြို့နယ်။

**မြောက်ဘက် (ဝဲမှယာ)**

(တ) အနောက်မြောက်ထောင့်တိုင် မူလအလှူရှင် ဦးဘရင် + ဒေါ်စောညွန့် သား မောင်ချစ်လှိုင်။
မှန်စီလှူဒါန်းသူ – ဦးအုန်းမောင်အား ရည်စူး၍ ဒေါ်အုန်းစိန် မိသားစု

www.burmeseclassic.com

www.burmeseclassic.com



(ဃ) အတွင်း (ပထမ)တိုင်၊ မူလအလှူရှင် ဦးဘိုးလင်း +ဒေါ်သီ။
မှန်စီလှူဒါန်းသူ – ဦးဟုတ်ကြည်+ ဒေါ်တင်အေးနှင့် သားသမီးမြေး မြစ်တစ်စု။

(င) အတွင်း (ဒုတိယ)တိုင်၊ မူလအလှူရှင် ဂန္ဓာရုံကျောင်းအမကြီး ဒေါ်သင်၊
မှန်စီလှူဒါန်းသူ–ဂန္ဓာရုံကျောင်းဆရာတော်၊ ဒါယကာ၊ ဒါယိကာမများ၊

(စ) အတွင်း (တတိယ)တိုင် မူလအလှူရှင် ဒေါ်မြစ်၊ ဒေါ်စိန်၊ သမီး မမြရင်
မှန်စီလှူဒါန်းသူ – ဇလွန်မြို့နယ်အသင်း၊ ရန်ကုန်မြို့။

(ဆ) အတွင်း (စတုတ္ထ)တိုင် မူလအလှူရှင် ဦးမြတ်သာရွှန်း + ဒေါ်သော့
မှန်စီလှူဒါန်းသူ – ဒေါ်သော့၊ ဒေါ်ဖော့၊ ဦးမြသိန်း။

ဂန္ဓကုဋိတိုက် တန်ဆောင်းတော်ကြီးအတွင်း (အီတာလျံ) အခင်း ကျောက်ပြားများကို ၁၂၉၇–ခုနှစ်တွင် အလှူရှင် ဒေါ်ဖွားရှင်က တောင်ဘက်၊ မြောက်ဘက်နှင့် အနောက်ဘက်တို့တွင် လှူဒါန်းခဲ့ပြီး အရှေ့ဘက်အခင်းကို အများပြည်သူတို့က စုပေါင်း လှူဒါန်းခဲ့ကြသည်။

တန်ဆောင်းတော်ကြီးအတွင်း (ဂန္ဓကုဋိတိုက်၏ အနောက်ဘက်)တွင် ကြေးဆင်းတုသုံးဆူ ပူဇော်ထားသည်။ ထိုဆင်းတုတော် သုံးဆူမှာ မာရ်အောင်မြင် မုနိရုပ်ပွားတော်ကြီး ကမ်းနားရပ်ကွက်တွင် သီတင်းသုံးတော်မူစဉ်ကတည်းက ပူဇော်ထားခဲ့ကြသော ဆင်းတုတော်များဖြစ်သည်။ ဤတန်ဆောင်းကော်ကြီး အတွင်း၌ မူလက ဦးလှထွန်းကျော် လှူဒါန်းသော သစ်သားပလ္လင်များဖြင့် သီတင်းသုံးတော်မူ၍ နောင်တွင် အလယ်ဆင်းတုတော်အတွက် မှန်စီပလ္လင် ကို ကော့ကပ်ရှာ ဦးမြမောင် + ဒေါ်မြရွှေတို့က လှူဒါန်းသည်။ လက်ဝဲဘက်နှင့် လက်ယာဘက်ရှိ ဆင်းတုတော် နှစ်ဆူအတွက် မှန်စီပလ္လင်ကို ဒေါ်ကေတီ မိသားစုက လှူဒါန်းသည်။

တန်ဆောင်းတော်ကြီး ဘေးပတ်လည်တွင် ဂိုလ်ပြေနာမ်ပြေ ပူဇော်ရန် ဆင်းတုတော် (၁၂)ဆူကို အလှူရှင်များက နေ့နာမ်သင့် အရပ်အလိုက် ပူဇော် လှူဒါန်းထားကြသည်။

# ပြည်တော်ပြန် ဘုရားသမိုင်း

အရုပ်ဖော်

## ပန်းချီကားချပ်ကြီးများ



ပဟာသက္ကရာဇ် (၁၂၃)ခုနှစ်၊ ကဆုန်လတွင် သက်တော်ထင်ရှား မြတ်စွာဘုရား ကိုယ်တော်တိုင် ရဟန္တာငါးရာ ခြံရံလျက် ဓညဝတီ ရခိုင်ပြည့်ရှင် စန္ဒသူရိယမင်းထံ ကြွလာတော်မူပုံ။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား၏ကိုယ်စား နိမ္မိတရုပ်ပွားတော်တစ်ဆူ သွန်းလုပ် ကိုးကွယ်ခွင့်ပြုပါရန် ဓညဝတီ ရခိုင်ပြည့်ရှင် စန္ဒသူရိယမင်းက မြတ်စွာဘုရားအား လျှောက်ထားတော်မူပုံ။



မဟာမုနိရုပ်ပွားတော်မြတ်ကြီးအား မဟာသက္ကရာဇ် (၁၂၃)ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ရတနာမျိုးစုံ (၆၅)တင်းမျှဖြင့် သွန်းလုပ်တော် မူပြီး ပိုလျှံသော ရတနာများဖြင့် ရှင်ကျော်မုနိ၊ ရွှေဘုံသာမုနိနှင့် မာရ်အောင်မြင်မုနိတို့အား သွန်းလုပ်တော်မူပုံ။



သက္ကရာဇ် (၁၁၄၆) ခုနှစ်တွင် ဘိုးတော်ဘုရား၏ သားတော် သီဟသူရသည် ဓညဝတီသို့ ချီတော်မူပြီး မုနိလေးဆူအား ပင့်ဆောင် တော်မူရာ ရခိုင်လူမျိုးတို့၏ လျှောက်ထားတောင်းပန်မှုကြောင့် ရှင်ကျော်မုနိရုပ်ပွားတော်မြတ်အား ထားတော်မူခဲ့ပုံ။



မုနိသုံးဆူအား ဆက်လက်ပင့်ဆောင်လာရာ ရခိုင်လူမျိုးတို့၏ တောင်းပန်လျှောက်ထားမှုကြောင့် ပြည်မြို့အနောက်ဘက်ကမ်း တပ်စခန်းချရာနေရာတွင် ရွှေဘုံသာမုနိ ရုပ်ပွားတော်မြတ်အား ထားတော်မူခဲ့ပုံ။

www.burmeseclassic.com

www.burmeseclassic.com



မဟာမုနိနှင့် မာရ်အောင်မြင်မုနိ ရုပ်ပွားတော်နှစ်ဆူအား ဧရာဝတီ မြစ်ရိုးတစ်လျှောက် ဆန်တက်လျက် အမရပူရနေပြည်တော်သို့ ပင့်ဆောင်တော်မူလာပုံ။



မာရ်အောင်မြင်မုနိ ရုပ်ပွားတော်မြတ်အား အမရပူရနေပြည်တော် နန်းဦးတွင် ရွှေပြာသာဒ်ဖြင့် ထားရှိပြီး ဘိုးတော်မင်းတရားကြီး အစရှိသော မင်းအဆက်ဆက်တို့ ကိုးကွယ်တော်မူပုံ။



ဇလွန်မြို့သူကြီး ဦးရွှေပွင့်နှင့် တပည့်များသည် သက္ကရာဇ် (၁၂၁၀)ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁)ရက်နေ့တွင် မြို့သူမြို့သားများ ကုသိုလ်ပါဝင်သော ရတနာများဖြင့် ကြေးဆင်းတုတစ်ဆူ သွန်းလုပ်တော်မူရန် အတွက် 'ရန်လွင့်' မင်္ဂလာလှေတော်နှင့် အဝ အမရပူရနေပြည်တော်သို့ သွားကြပုံ။



ကြေးဆင်းတု သွန်းလုပ်တော်မူဆဲကာလတွင် စစ်မက်ဖြစ်ပွား၍ နန်းဦးတွင် ကိုးကွယ်ထားရှိသည့် မာရ်အောင်မြင် မုနိရုပ်ပွားတော်မြတ်အား ဇလွန်မြို့သို့ ခေတ္တပင့်ဆောင် ခွင့်ပြုပါရန် ဇလွန်မြို့ သူကြီး ဦးရွှေပွင့်က ပုဂံမင်းမိဖုရားကြီးအား လျှောက်ထားတော်မူပုံ။

www.burmeseclassic.com

www.burmeseclassic.com



သွန်းလုပ်လျက်ရှိသော ကြေးဆင်းတုတော်အစား မာရ်အောင်မြင်မုနိ ရုပ်ပွားတော်မြတ်ကို ဦးရွှေပွင့်နှင့်တပည့်များက မဂ်လာလှေတော်ဖြင့် အမရပူရနေပြည်တော်မှ ပင့်ဆောင်လာရာ (၁၂၁၄)ခုနှစ် တပေါင်းလဆန်း (၈)ရက်နေ့တွင် ဇလွန်မြို့သို့ ဆိုက်ရောက်တော်မူလာပုံ။



မာရ်အောင်မြင် မုနိရုပ်ပွားတော်မြတ်အား ဝါးဖြင့် ဆောက်လုပ်ထားသော ကလပ်ပေါ် သက်ငယ်မိုး တန်ဆောင်းတော်ကြီးအတွင်း၌ ခေတ္တထားရှိပြီး သီတင်းသုံးတော်မူပုံ။



သက္ကရာဇ်(၁၂၁၇)ခုနှစ်တွင် အောက်မြန်မာနိုင်ငံကို နယ်ချဲ့အင်္ဂလိပ်တို့ သိမ်းယူရာ မာရ်အောင်မြင်မုနိရုပ်ပွားတော်မြတ်အား အင်္ဂလိပ်စစ်ဗိုလ်က "ရွှေချိန်" အမည်ရှိသင်္ဘောဖြင့် အိန္ဒိယပြည်သို့ သယ်ဆောင်သွားပုံ။



မာရ်အောင်မြင်မုနိ ရုပ်ပွားတော်မြတ်အား ဘုံဘေမြို့၊ ဂိုဒေါင်အတွင်း ထားရှိပြီး ဖုံးဆန်၊ အမြောက်ဆန် ပြုလုပ်ရန်အတွက် ဖိုကျင်ထိုးကာ အရည်ကျိုကြသော်လည်း မည်သို့မျှမဖြစ်ဘဲ ကုလားလူမျိုးအချို့ သွေးအန် သေဆုံးကြပုံ။

www.burmeseclassic.com

www.burmeseclassic.com



ဝိတိုရိယဘုရင်မသည် ဒေလီမြို့တွင် ခေတ္တရောက်ရှိနေစဉ် ခေါင်းခဲ ဝေဒနာကို ပြင်းထန်စွာ ခံစားရပြီး အိပ်မက်ဆိုးများ မြင်မက်သဖြင့် မာရ်အောင်မြင်မုနိ ရုပ်ပွားတော်မြတ်ကြီးအား နေရင်းဒေသ မြန်မာပြည်သို့ ပြန်ပို့တော်မူခိုင်းပုံ။



မာရ်အောင်မြင်မုနိရုပ်ပွားတော်မြတ်အား နေရင်းဒေသသို့ ပြန်ပို့ရန် သင်္ဘောဖြင့် သယ်ဆောင်ခဲ့ရာ မြို့မှားပြီး ဟင်္သာတမြို့အနီး သောင်စပ်တွင် ထားခဲ့ကြသည်ကို တံငါသည်တို့ ဖူးတွေ့ရပုံ။



မာန်အောင်မြင်မုနိရုပ်ပွားတော်မြတ်ကြီး၏ "ဣတိပိ" အစရှိသော "စမ္မခဏ်" ဂါထာတော်ကို ဇလွန်မြို့မှ ဆရာတော်ဦးဖြူက ကြေးကန် ဆရာတော်ရှေ့မှောက်တွင် အလွတ်ရွတ်ပြတော်မူပုံ။



(၁၂၁၉)ခု၊ တပေါင်းလဆန်းတွင် မာရ်အောင်မြင်မုနိရုပ်ပွားတော်မြတ်ကြီးအား ဖောင်တော်ပေါ်သို့ ပင့်ဆောင်ပြီး ဟင်္သာတဘက်မှ လှေ(၃၈)စင်း၊ ဇလွန်ဘက်မှ လှေ(၁၂)စင်းတို့ ရေစုန်ရေဆန် တစ်လှည့်စီဖြင့် ဘုရားကြွလိုရာသို့ ဆွဲတော်မူကြပုံ။

www.burmeseclassic.com

www.burmeseclassic.com



ဇလွန်မြို့ကမ်းနားရပ်ကွက်တွင် ရေလွှမ်းမိုးစဉ်အခါက အခြားဘုရားများ ရေမြုပ်လုနီးဖြစ်သော်လည်း မာရ်အောင်မြင်မုနိရုပ်ပွားတော်မြတ်ကြီးမှာ ရေနစ်မြုပ်ခြင်း မရှိဘဲ ပလ္လင်အနီးတွင် ရေဝဲကန်တော့ထိုးသကဲ့သို့ ဖူးမြော်မြင်တွေ့ရပုံ။



မာရ်အောင်မြင်မုနိရုပ်ပွားတော်မြတ်ကြီးမှာ ဦးသိုင်းတစ်ဝဂ္ဂမှ ဘိုးပုဏ္ဏားကုန်း (ယခုလက်ရှိနေရာ)သို့ ပြောင်းရွှေ့ပြီး ''မာရ်အောင်မြင် ပြည်တော်ပြန်'' ဘွဲ့မည်ဖြင့် ယနေ့တိုင် ကိန်းဝပ်စံပယ်တော်မူပုံ။



**ဘုရားသမိုင်း သရုပ်ဖော်ပန်းချီကားချပ်ကြီးများ**

ဇလွန်မြို့၊ ပြည်တော်ပြန် မာရ်အောင်မြင် မုနိဘုရားသမိုင်း သရုပ်ဖော်ပန်းချီကား (၁၉)ချပ်ကို ဇလွန်မြို့နယ် ပြည်သူ့ကောင်စီ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် (၁၉၇၆)ခုနှစ်တွင် အလှူရှင် (၁၉)ဦးတို့က ပန်းချီပညာရှင် သပြေမြင့်သိန်း၏လက်ရာဖြင့် လှူဒါန်းပူဇော်ခဲ့ကြသည်။ (၁၉၉၇)ခုနှစ်တွင် ယင်းပန်းချီကား (၁၉)ချပ်လုံးကို သပြေမြင့်သိန်းကပင် အသစ်ရေးဆွဲ၍ အလှူရှင် (၁၉)ဦးတို့က လှူဒါန်းကြသည်။ (ဤသမိုင်းစာအုပ်တွင် ပန်းချီကားများကို ဖော်ပြထားပါသည်။)

**ဂန္ဓကုဋိတိုက်တော်ကြီး၊ တန်ဆောင်းတော်ကြီးနှင့် ရင်ပြင်တော် ကုန်းမြေတို့၏ အတိုင်းအတာများ**

| | | |
|---|---|---|
| (က) | ဂန္ဓကုဋိတိုက်တော်ကြီး | |
| – | မြေပြင်မှ စိန်ဖူးတော်အထိအမြင့် | ၁၂၅–တောင် |
| – | ကုန်းတော်ရင်ပြင် အောက်ခုံအမြင့် | ၄–တောင် |
| – | ပန်းတင်ခုံအမြင့် | ၂–တောင် |
| – | ပန်းတင်ခုံမှ အမိုးအထိအမြင့် | ၄၆–တောင် |
| – | အမိုးမှ ထီးတော်အောက်ခြေအထိ | ၆၀–တောင် |
| – | ထီးတော်အောက်ခြေမှ စိန်ဖူးတော်အထိ | ၁၃–တောင် |
| – | ဂန္ဓကုဋိတိုက်အတွင်းထပ်နံ့ အရှေ့အနောက်အကျယ် | ၂၉' |
| – | ဂန္ဓကုဋိတိုက်အတွင်းထပ်နံ့ တောင်မြောက်အကျယ် | ၂၉' |
| – | ဂန္ဓကုဋိတိုက်နံရံထု | ၅' ၆" |
| (ခ) | တန်ဆောင်းတော်ကြီး အရှေ့အနောက်အကျယ် | ၁၀၈' ၄" |
| | တန်ဆောင်းတော်ကြီး တောင်မြောက်အကျယ် | ၁၀၈' ၆" |
| | တန်ဆောင်းတော်ကြီး နံရံထု | ၁' ၈" |

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ရင်ပြင်တော်ကုန်းမြေ

- အရှေ့အနောက် ၁၅၄' ၂"
- တောင်မြောက် ၁၅၄' ၆"

(ရင်ပြင်တော်ကုန်းမြေအား ကွန်ကရစ်ကျောက်ပြားများ ခင်းထားခဲ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်သည့် ၁၉၉၅ခုနှစ်တွင် လှူသွားလမ်းအတွက် နေပူခံကျောက်ပြားများဖြင့် အစားထိုး ပြုပြင်ခဲ့သည်။)

**ထီးတော်၊ ငှက်မြတ်နားနှင့် စိန်ဖူးတော်**

မူလထီးတော်၊ ငှက်မြတ်နားနှင့် စိန်ဖူးတော်တို့ကို ဂန္ဓကုဋိတိုက် အလှူရှင် (ဦးရွှေကုန်း) ဒေါ်မင်းသွယ် သားသမီးတစ်စုတို့က ၁၂၈၃–ခုနှစ်တွင် လှူဒါန်းခဲ့သည်။

ဒုတိယအကြိမ် ထီးတော်သစ်ကို ၁၃၁၇–ခုနှစ်၊ တပေါင်းလဆန်း (၁၀)ရက်နေ့မှ လပြည့်နေ့အထိ ထီးတော်တင်ပွဲ ကျင်းပ၍ နေရင်းဆရာတော် ဦးကောဝိဒ ဒလဆရာတော် ဦးကောဝိဒတို့က ဦးဆောင်ကာ (ဦးရွှေကုန်း) ဒေါ်မင်းသွယ်တို့၏ သားသမီးတစ်စုတို့နှင့် ဇလွန်မြို့၊ ကုန်သည်လမ်းနေ ဒေါ်ချောတီ၊ ဒေါ်မြတီ အမှူးပြုသော စေတနာရှင်ပြည်သူများနှင့် ပေါင်းစု လှူဒါန်းခဲ့ကြသည်။

တတိယအကြိမ်ထီးတော်ကို ၁၃၃၁–ခုနှစ်တွင် ဆေးဝက်ပါ ဆရာတော် ဦးသုရိယနှင့် ကျိုက္ကစံဆရာတော် ဦးပညာဝံသ အရှင်သူမြတ်တို့ ဦးဆောင်၍ အများပြည်သူကောင်းမှုဖြင့် လှူဒါန်းခဲ့ကြသည်။

စတုတ္ထအကြိမ် (၁၉၉၃)ခုနှစ်တွင် ဇလွန်မြို့နယ်၊ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဦးဆောင်၍ ယခုလက်ရှိ ထီးတော်အသစ်ကို ကြေးပြားခံ ရွှေသက်န်းကပ်လှူ၍ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ငွေသားပေါ်၌ ရွှေသားအစစ်ဖြင့် ဖုံးအုပ်ပြုလုပ်ကာ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း အတွင်းရှိ မြို့နယ်များတွင် လှည့်လည်အပူဇော်ခံပြီး တပေါင်းလပြည့်နေ့တွင် တင်လှူပူဇော်ခဲ့သည်။



စိန်ဖူးတော်

www.burmeseclassic.com

www.burmeseclassic.com



ငှက်မြတ်နားတော်



ထီးတော်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတော်သစ်၊ရောင်တော်ဖွင့် ပူဇော်ရာတွင် အသုံးပြုသော ရွှေဖလား၊ရွှေသပိတ်၊ရွှေလင်ပန်း၊ရွှေကလပ်၊ရွှေတံပူ၊ရွှေယပ်



ထီးတော်သစ်အား ဇလွန်မြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးဘိုးရင်+ဒေါ်မြမြတို့က ကျပ် ၉၉၉၉၉/-ဖြင့် ပူဇော်လှူဒါန်းကြသည်။

ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့တွင် ရပ်ဝေးရပ်နီးမှ အလှူရှင်များ လှူဒါန်းသော အဖိုးတန် ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများဖြင့် အထူးသပ္ပာယ်စွာ ဆင်ယင်လှူဒါန်းခဲ့ကြသည်။

ယင်းလုပ်ငန်းများအား ဇလွန်မြို့၊ ကမ်းနားမြောက်ပိုင်းရပ်နေ ပွဲစားကြီး ဦးအကြူ+ဒေါ်မြတင်တို့၏သား တောင်ဥက္ကလာပမြို့မှ ပန်းတဉ်း ပိသုကာ ပညာရှင် ဦးမြသိန်းက ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

**ပလ္လင်တော်**

ဘုရားကြီးအား ကမ်းနားရပ်ကွက်မှ ဘိုးပုဏ္ဏားကုန်းသို့ ပင့်ဆောင်လာပြီး ဦးသံတိုင် (ဂေါပကလူကြီး)၊ ဒေါ်ရွှေမိတို့ လှူဒါန်းသည့် စံကျောင်းတော်(ယခု ဘုရားကြီး အဝင်အဝနေရာ)တွင် ဦးသံတိုင်၊ ဒေါ်ရွှေမိ တို့၏ သားသမီးများ ဖြစ်ကြသော ဦးဘိုးစိန်+ ဒေါ်ဒေါင်းဥ တို့ လှူဒါန်းသည့် ပလ္လင်တော်ပေါ်၌ သိတင်းသုံးတော်မူသည်။

၁၂၇၆-ခုနှစ်တွင် ဒေါ်သန့် တန်ဆောင်းသို့ ပြောင်းရွှေ့စံနေတော်မူသည့်အခါ ကမ်းနားရပ်၌ ရှိစဉ်က သီတင်းသုံးတော်မူသော ပလ္လင်တော်ဖြစ်ပြီး ၁၂၈၀-ပြည့်နှစ်တွင် ဂန္ဓကုဋိတိုက်တော်ကြီး အတွင်းသို့ ရွှေ့ပြောင်းစံနေသည့်အခါ သစ်သားမှန်စီရွှေချ ပလ္လင်ဖြင့် သီတင်းသုံးတော်မူသည်။ ၁၃၀၀-ပြည့်နှစ်တွင် ဇလွန်မြို့နယ် ကော့ကပ်ကျေးရွာ ဥပါသကာကြီး ဦးမြတ်လှ၊ ဒေါ်နှင်းစု သား ကိုထွန်းအောင်၊ ကိုထွန်းဖေ၊ ကိုစံလှ၊ ကိုလှသော်၊ ကိုမြမောင် သမီး မဖွားစိန် မိသားစုတို့က အမြင့် (၅)ပေ၊ (၉)လက်မရှိ အုတ်ပလ္လင်တော်ကို တည်ဆောက်လှူဒါန်းကြသည်။ ထိုအုတ်ပလ္လင်အား (၁၃၃၃)ခုနှစ်တွင် ၎င်းတို့မှပင် မှန်စီပလ္လင်အဖြစ် ပြုပြင်ခဲ့သည်။ ၁၃၅၄-ခုနှစ်တွင် ဂေါပကအဖွဲ့၏ စီစဉ်မှု၊ အများပြည်သူတို့၏ကောင်းမှုဖြင့် ကြေးပြားခံ ရွှေပလ္လင်တော်အဖြစ် ပြုပြင်ခဲ့ရာ (၆-၆-၉၄)ခုနှစ်တွင် ပြီးစီးခဲ့သည်။ အလှူငွေကျပ် (၁၈၁၂၇၀)ဖြင့် ပြုလုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**ကိုးဘုံတန်ဆောင်း**

၁၂၃၈–ခုနှစ်တွင် ပြည်တော်ပြန်ဘုရားကြီး ဇလွန်မြို့ဟောင်း (ကမ်းနားရပ်ကွက်)၌ သီတင်းသုံးစဉ်က ဘုရားကြီး မျက်နှာတော် မူရာအရပ်၌ ဆရာချုံနှင့်အဖွဲ့က ကိုးဘုံတန်ဆောင်းခေါ် အာရုံခံ တန်ဆောင်းကို ဆောက်လုပ်ခဲ့သည်။ ပထမဘုံထပ်တွင် ဆရာချုံကိုယ်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရားပုံတော်များကို ရွှေဇဝါ ရေးခဲ့သည်။ ဘုရားကြီး ဘိုးပုဏ္ဏားကုန်းသို့ ပြောင်းရွှေ့သီတင်းသုံးသည့်အခါ ကိုးဘုံတန်ဆောင်းတော်ကြီးကို မူလပုံစံအတိုင်း ရွှေ့ပြောင်းဆောက်လုပ်ခဲ့သည်။

၁၃၅၄–ခုနှစ်တွင် ကိုးဘုံတန်ဆောင်းတော်ကြီးအား စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သောင်းမြင့်နှင့် ဇနီး ဒေါ်ခင်အေးမူ မိသားစုအားအမှူးထား၍ စစ်အင်ဂျင်နီယာတပ်ရင်းတပ်ဖွဲ့ မိသားစုများက ကျပ်(၅၉၆၂၆ဝိ) တန်ဖိုးရှိ ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ခဲ့သည်။

**ဒေါ်သန့်တန်ဆောင်း (ခေါ်) ကပြားတန်ဆောင်း**

ဦးမြတ်သူ၊ ဒေါ်ပုလေးနှင့်သား ဝတ်လုံတော်ရ ဦးကိုကိုကြီး၊ ဒေါ်သန့်တို့ ကောင်းမှုဖြစ်သည့် တန်ဆောင်းတော်ကြီးဆောက်လုပ်လှူဒါန်းသည့် အလှူရှင်ကို အစွဲပြု၍ ဒေါ်သန့်တန်ဆောင်းဟု ခေါ်တွင်ခဲ့သည်။ တန်ဆောင်း၏ပုံစံမှာ မြန်မာမှုဟန်နှင့် အနောက်တိုင်းဟန်များ ပေါင်းစပ် ဆောက်လုပ်ထားခြင်းဖြစ်၍ ကပြားတန်ဆောင်းဟုလည်း ခေါ်ဝေါ်ကြသည်။

၁၂၇၆–ခုနှစ်မှ ၁၂၈ဝ–ပြည့်နှစ်အထိ ပြည်တော်ပြန် မာရ်အောင်မြင်ဘုရားကြီး (၄)နှစ်တိုင် သီတင်းသုံးတော်မူရာ ဌာနဖြစ်သည်။

ယခုအခါ ဘက်စုံမွမ်းမံမှုများ ပြုလုပ်ခဲ့ရာ အလှူရှင်များက ဗုဒ္ဓဝင် မှန်စီပန်းချီများဖြင့် ပြင်ဆင်ခဲ့ကြသည်။ ထိုတန်ဆောင်းအတွင်း ဦးတင်လှ+ဒေါ်နှင်းလှိုင်နှင့် သားသမီးများဖြစ်ကြသော ဦးအောင်သန်း + ဒေါ်မြနု မိသားစုက (၁၃၅၂)ခုနှစ်တွင် "ဗုဒ္ဓ ခြေရာတော်ပြခန်း" ရုပ်ပွားတော်တစ်ဆူနှင့် ပလ္လင်ကို ကျပ် (၁၂ဝဝဝဝိ)ဖြင့် လှူဒါန်းခဲ့သည်။



ကိုးဘုံတန်ဆောင်း

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သန့်တန်ဆောင်း



ဦးမှင်တန်ဆောင်း



သံတန်ဆောင်း



မြောက်ဘက်စောင်းတန်း

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်စောင်းတန်း



အနောက်ဘက်စောင်းတန်း



**ဦးမှင်တန်ဆောင်း (ခေါ်) ငါးဘုံတန်ဆောင်း**

ဘုရားကြီး၏ အနောက်ဘက်စောင်းတန်းနှင့် အနောက်ဘက် ပေါင်းကူးတိုက်ကြားတွင် ရှိသည်။ အလှူဒါယကာ ဦးမှင်နှင့်ဇနီး ဒေါ်မြသန်းတို့ကို အစွဲပြု၍ ဦးမှင်တန်ဆောင်းဟု ခေါ်ကြခြင်းဖြစ်သည်။ ယွန်းတန်ဆောင်းဟုလည်း အမည်တွင်ခဲ့သည်။ ၁၉၇၅ ခုနှစ်၊ မေလ (၇)ရက်နေ့ လေမုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့၍ ပြန်လည်ပြုပြင်ထားသည်။

**ဒေါ်လုံမလေး သံတန်ဆောင်း**

ဘုရားကြီး၏ ပုရိဝုဏ်အတွင်း အနောက်တောင်ထောင့်၌ တည်ရှိသည်။ တန်ဆောင်းကြီး တစ်ခုလုံးကို သံထည်များဖြင့် တည်ဆောက်ထားသောကြောင့် သံတန်ဆောင်းဟု ခေါ်ကြသည်။ အတောင် (၈၀)ခန့်မြင့်သည်။ တန်ဆောင်းကြီးအတွင်း၌ ကြေးဆင်းတုတော်တစ်ဆူ ပူဇော်ရန် စီစဉ်ခဲ့သော်လည်း အထမြောက်မှု မရှိခဲ့ချေ။ သံတန်ဆောင်းအလှူရှင် ဒေါ်လုံမလေး ကွယ်လွန်ပြီးနောက် ခမုံဆရာတော်က ဦးဆောင်၍ ဂေါပကအဖွဲ့နှင့် အလှူရှင်များက နှစ်ကျိပ်ရှစ်ဆူစေတီတစ်ဆူ တည်ထားခဲ့ကြသည်။ ၁၉၇၅–ခုနှစ်၊ လေမုန်တိုင်းကြောင့် ယင်း သံတန်ဆောင်း၏ သံစောင်းတန်းနှင့် သံမုခ်ဦးတို့ ပြိုကျပျက်စီးခဲ့သည်။ ယင်းသို့ သံတန်ဆောင်း၏ ပျက်စီးယိုယွင်းမှုကို ဥက္ကဋ္ဌ ဦးတင်ထွန်း (ဂေါပကအဖွဲ့) လက်ထက်တွင် ထပ်မံပြုပြင်ခဲ့သည်။

**မြောက်ဘက်စောင်းတန်းကြီး**

ယခင် ကျွန်းတိုင်များဖြင့် ပြုလုပ်ထားသော စောင်းတန်းကြီးမှာ ၁၂၉၈–ခုနှစ်တွင် အခင်းသစ်များ ပျက်စီးသဖြင့် ၁၃၁၆–ခုနှစ်၊ နတ်တော်လတွင် မူလစောင်းတန်းကို ဖျက်သိမ်း၍ တပို့တွဲလပြည့်ကျော် (၁၂)ရက်နေ့ စနေနေ့၊ နံနက်(၈)နာရီ (၄၀)မိနစ်တွင် စောင်းတန်းကြီး ပန္နက်ကို အသစ်ချခဲ့သည်။ ၁၃၁၈–ခုနှစ်တွင် အပြီးသတ်သည်။ ကုန်ကျငွေမှာ ၉၂၀၈၅ ကျပ် ၃ပြားဖြစ်သည်။

မြောက်ဘက်စောင်းတန်းကြီး၏ အလျားပေမှာ ၁၈၈ ပေ၊ ၁၀ လက်မ ရှိသည်။ တိုင်အလုံးပေါင်း ယာဘက်တွင် (၄၈)လုံး၊ ဝဲဘက်တွင် (၄၈)လုံး၊ စုစုပေါင်း (၉၆)လုံးဖြစ်သည်။ အခန်းပေါင်း (၉၄)ခန်း၊ ရှည်လျားသွယ်တန်း၍

www.burmeseclassic.com

www.burmeseclassic.com



ခုံညားလှပပါသည်။ စောင်းတန်းကြီး၏ ဝဲယာနှစ်ဘက်တို့၌ အမြင့် (၂) ပေ၊ အကျယ် (၉)ပေစီရှိသော အုတ်ခုံနှစ်ခု ခြံရံလျက် အလယ်လှေသွားလမ်းမှာ (၁၃)ပေ၊ (၂)လက်မ ကျယ်ဝန်းပါသည်။ စောင်းတန်းအဝ ဝဲ၊ ယာတွင် ခြသေ့်ရုပ်ကြီး (၂)ခု ရှိသည်။

**အနောက်ဘက်စောင်းတန်းကြီး**

ဦးမှင်တန်ဆောင်းနှင့်ဆက်၍ သွယ်တန်းတည်ရှိနေသည်။ စောင်းတန်းမုခ်ဦးဒါယကာမှာ ဦးလှမြင့်သိန်း၊ ဒေါက်တာ ဒေါ်မမဦး တို့ဖြစ်သည်။ ၁၃၅၅–ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး စောင်းတန်းတစ်ခုလုံး၏ ကုန်ကျငွေမှာ ကျပ် ၁၃၀၅၂၅၈/– ဖြစ်၍ စနေစောင်းတန်းဟု ထင်ရှားခဲ့သည်။

စောင်းတန်းကြီး၏ အရှည်မှာ (၁၄၂) ပေဖြစ်ပြီး အနံ (၁၀)ပေဖြစ်သည်။ လှေသွားလမ်းဘေးတွင် အမြင့် (၆) လက်မ၊ အကျယ် (၇) ပေ၊ အုတ်ခုံနှစ်ခုရှိပြီး စောင်းတန်း၏ အကျယ်စုစုပေါင်းမှာ (၂၄)ပေရှိ၍ ဝဲဘက်တွင်တိုင်အလုံး (၃၀)၊ ယာဘက်တွင်တိုင်အလုံး (၃၀) စုစုပေါင်းတိုင်အလုံး (၆၀) ရှိသည်။ သိတာရုံ ကျောင်းတိုက်ဘက်သို့ ဆက်သွယ်ထားသော စောင်းတန်းဖြစ်သည်။

**အရှေ့ဘက်စောင်းတန်းကြီး**

ကိုးဘုံတန်ဆောင်းကြီးနှင့် ဆက်၍ မင်းကွန်းကျောင်းတိုက်ဘက်သို့ သွယ်တန်းထားသော စောင်းတန်းဖြစ်သည်။ အလျား (၁၃၃)ပေ၊ (၆) လက်မ၊ အကျယ် (၁၂)ပေ၊ (၆)လက်မ ရှိသည်။ စေတနာရှင် အများပြည်သူတို့၏ ကောင်းမှုဖြစ်သည်။

**တောင်ဘက်စောင်းတန်းကြီး**

ရှေ့နေ ဦးဖေ + ဒေါ်စုတို့၏ ပေါင်းကူးတိုက်နှင့် ဆက်၍ ပုပ္ပါရုံကျောင်းတိုက်နှင့် ဓမ္မိကာရုံကျောင်းတိုက် အဝင်အထိ သွယ်တန်းထားသော စောင်းတန်းကြီးဖြစ်သည်။ အလျား (၁၅၅) ပေ၊ အကျယ် (၈)ပေ (၆) လက်မရှိသည်။



**ပေါင်းကူးတိုက်များ**

(က) မြောက်ဘက်စောင်းတန်း ပေါင်းကူးတိုက် ဒါယကာ ဦးစိုးလင်း၊ ဒေါ်ကျင်ယုံနှင့် သားသမီးမြေးတစ်စု တို့ဖြစ်သည်။ ၁၃၂၅–ခုနှစ်တွင် တည်ဆောက် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

(ခ) အရှေ့ဘက်စောင်းတန်း ပေါင်းကူးတိုက်၏ ဒါယကာမှာ ဦးကြီး၊ ဒေါ်သိန်းလှိုင်နှင့် ဦးမြဟန်+ဒေါ်မြသင်တို့ဖြစ်ပြီး ၁၃၂၆–ခုနှစ်တွင် တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

(ဂ) တောင်ဘက် ပေါင်းကူးတိုက် ဒါယကာမှာ အမိန့်တော်ရ ရှေ့နေဦးဖေ၊ ဒေါ်စု၊ သမီး ဒေါ်ထားခင်၊ သား အငြိမ်းစား စက်ရှင်တရားသူကြီး ဦးထွန်းမြင့်+ ဒေါ်သိန်းမြ သားသမီးမြေးမြစ်များဖြစ်သည်။ ၁၃၂၈ ခုနှစ်တွင် တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

(ဃ) အနောက်ဘက်ပေါင်းကူးတိုက် ဒါယကာမှာ ဇလွန်မြို့ ဦးတင်ကြီး+ ဒေါ်သိန်း သားသမီးမြေးမြစ်တို့ဖြစ်သည်။ ၁၃၂၈–ခုနှစ်တွင် တည်ဆောက် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

**ကိုးနဝင်းစေတီတော်နှင့် ဗောဓိပင်**

ပြည်တော်လုံးအေး ကိုးတောင်ပြည့်စေတီတော်ကို သာသနာတော် ၂၄၇၄–ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၂၉၂)ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သည်။ ဇလွန်မြို့နယ်နှင့်တကွ ရပ်ဝေးရပ်နီး ကုသိုလ်ရှင်အများကောင်းမှုဖြစ်သည်။ ကပ်၊ ဥပဒ်ကင်းရှင်း၍ ချမ်းသာခြင်း အမျိုးမျိုးနှင့် ပြည့်စုံစေခြင်းငှာ အချင်း (၉)တောင်၊ အရပ် (၉)တောင်၊ ပစ္စယံသုံးဆင့်၊ ဖောင်းကိုးဆင့်၊ ထီးသုံးဆင့်တို့ဖြင့် တည်ထားခြင်းဖြစ်သည်။ ဇလွန်မြို့နယ်၏ တေဇအရပ်ကျသော ပြည်တော်ပြန်ဘုရား၏ မြေအတွင်း အရှေ့တောင်ထောင့်အရပ်၌ တည်ရှိသည်။ ကိုးနဝင်းစေတီဟု ထင်ရှားသည်။

ကိုးတောင်ပြည့် ကိုးနဝင်းစေတီတော်၏ဘေး (တောင်ဘက်)တွင် မဟာဗောဓိညောင်ပင်ကြီးရှိသည်။ ညောင်ပင်ခြေရင်းတွင် ရန်ကုန်မြို့နေ ဦးဘိုးရှင် (အငြိမ်းစား ဒုတိယ ထောက်ပံ့ရေးမင်းကြီး)+ဒေါ်မြမြ မိသားစုတို့ လှူဒါန်းသော ဘုရားဆင်းတုတော်(၄)ဆူကို ဖူးတွေ့နိုင်သည်။ ၄င်းညောင်ပင်တို့ ပုပ္ပါရုံ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆရာတော် ဦးကဝိန္ဒက သီရိလင်္ကာနိုင်ငံမှ ပင့်ဆောင်လာခဲ့၍ စိုက်ပျိုး လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ငှင်းညောင်ပင်၏ဘေးကပ်လျက်တွင် မဟာဗောဓိ ညောင်ပင်အသေး တစ်ပင်ရှိသည်။ ညောင်ပင်၏ခြေရင်းတွင် ဦးလှ+ဒေါ်စိန် မိသားစုနှင့် သားသမီး မြေးများ လှူဒါန်းသော၊ မြတ်စွာဘုရားက ပဥ္စဝဂ္ဂီ (၅)ဦးအား တရားဟောနေ ဟန် ရုပ်တုတော်များကို ဖူးမြော်နိုင်သည်။ ငှင်းညောင်ပင်၏ အရှေ့ဘက်တွင် ကား ဒုက္ကရစရိယာကျင့်နေသော မြတ်စွာဘုရားအား ပဥ္စသိခ်နတ်သားက ဗေလုဝနတ်စောင်းဖြင့် တီးခတ်ပူဇော်ဟန် ရုပ်တုကို ဖူးတွေ့နိုင်သည်။

**တံခွန်တိုင်**

ဘုရားရင်ပြင်တော်၏ အရှေ့တောင်ထောင့်အရပ်တွင် ရှိသည်။ အရှင် ပိဏ္ဍောလမထေရ်မြတ်သည် စန္ဒကူးသပိတ်တော်အား တိတ္ထိများနှင့် အပြိုင် တန်ခိုးတော်ဖြင့် ယူပြတော်မူသည့်ပုံကို သရုပ်ဖော်ထားခြင်းဖြစ်သည်။ အလှူ ဒါယကာမှာ ဇလွန်မြို့နေ ဦးတင်လှ+ဒေါ်နှင်းလှိုင် မိသားစုတို့က (၁၃၅၆)ခုနှစ် တွင် ကျပ်ငွေ ကိုးသောင်းကျော်ဖြင့် ပြုလုပ်လှူဒါန်းခဲ့သည်။

**ပိဋကတ်တိုက်**

ပြည်တော်ပြန်ဘုရားကြီး၏ မြောက်ဘက်စောင်းတန်းဘေးတွင် တည်ရှိ သည်။ ပိဋကတ်တိုက်၏ အလှူဒါယကာမှာ ဇလွန်မြို့၊ ဗိုလ်ချုပ်လမ်းနေ ရွှေပန်းထိမ်ဆရာကြီး ဦးမောင်ကလေး ဇနီး ဒေါ်သီလှနှင့် သား ဦးဝင်းမြင့် တို့ဖြစ်သည်။ ၁၃၂၇-ခု၊ (၁၉၆၆)ခုနှစ်တွင် တည်ဆောက်ခဲ့သည်။

ပိဋကတ်တိုက်ကြီးအတွင်းတွင် ဘုရားခန်းတစ်ခန်း ပါရှိပြီး ဆင်းတု တော်(၃)ဆူကိုလည်း ရွှေပလ္လင်တော်မြတ်နှင့်အတူ လှူဒါန်းခဲ့သည်။ ပိဋကတ် တော် စာအုပ်များကို စာတိုက်ဗီရိုများနှင့်တကွ လှူဒါန်းထားသည်။

**ရတနာဗိမာန်တော်ကြီး**

ဇလွန်မြို့၊ လမိုင်းရပ်နေ ဦးဖိုးညွန့်+ ဒေါ်တင့် သားသမီးတစ်စုတို့က ၁၃၂၉ ခု (၁၉၆၈)ခုနှစ်တွင် တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ပိဋကတ် တိုက်နှင့် ဂေါပကအဖွဲ့ရုံးခန်း အကြားတွင် တည်ရှိသည်။ ရတနာဗိမာန်



တောင်ဘက်စောင်းတန်း



ကိုးနဝင်းစေတီ

www.burmeseclassic.com

www.burmeseclassic.com



တံခွန်တိုင်



ပိဋကတ်တိုက်



ရတနာ့ဗိမာန်

www.burmeseclassic.com

www.burmeseclassic.com



ဂေါပကအဖွဲ့ရုံး



သာသနာနန္ဒဗိမာန်တော်ကြီး



တော်ကြီးအတွင်း ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူ ကိန်းဝပ် စံပယ်တည်ရှိသည်။ (ရွှေစင်မကိုဋ်နှင့် ရွှေစင်စလွယ်တော်ကြီးများကို ဤရတနာဗိမာန်တော်ကြီး အတွင်း၌ ဆောင်ရွက်ခဲ့သည်။)

**ဂေါပကအဖွဲ့ရုံး**

ဂေါပကအဖွဲ့ရုံးကို ၁၃၅၅–ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ရတနာဗိမာန်တော်ကြီး အဆောက်အအုံနှင့် ကပ်လျက်တည်ရှိသည်။ အလှူဒါယကာများမှာ–

(က) ကျောက်ကုန်းတောရ မေဒိနီကျောင်းတိုက်ကြီး၏ ဒါယိကာမကြီး ဒေါ်ဒေါ်သိန်းနှင့် ဒေါ်အေးခင်တို့အား ရည်စူး၍ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းလမ်း၊ အမှတ် (၁၅)နေ သမီး ဒေါ်မြင့်ကြည်။

(ခ) နှစ်ဘက်သော မိဘများ အမှူးထား၍ မြောင်းမြမြို့၊ မရမ်းကုန်းရပ်ကွက်နေ ဦးမြင့်အေး (ဒု–မန်နေဂျာ၊ သစ်ထုတ်လုပ်ရေး)+ဒေါ်စန်းရီ၊ သမီး ခက်ခက်အောင်သူ ၊ သား မင်းမင်းအောင်သူ။

(ဂ) ဟင်္သာတမြို့၊ အမှတ်(၁၈)၊ ခြေလျင်တပ်ရင်း၊ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဆွေ+ဗိုလ်ကြီး ဒေါ်တင်တင်နွဲ့နှင့် အရာရှိအရာခံ အကြပ်တပ်သား မိသားစုများ ဖြစ်ကြသည်။

**သာသနာနန္ဒဗိမာန်တော်ကြီး**

၁၉၈၀–ပြည့်နှစ်တွင် စတင်ပန္နက်ချ၍ ၁၉၉၁–ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ ဇလွန်မြို့၊ ဗိုလ်ချုပ်လမ်းနေ ရတနာကုန်သည် ဦးဘအော+ဒေါ်သီလှ သား ဦးတိုးလှိုင်+ဒေါ်သိန်းညွန့်၊ ဦးအေးခတို့အား အမှူးပြု၍ စိုးရတနာရွှေဆိုင် ပိုင်ရှင် ဦးကျော်စိုး+ဒေါ်သန်းနုတို့က ဆောက်လုပ်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။ မြောက်ဘက်စောင်းတန်းကြီးမှ ဘုရားသို့အဝင် လက်ဝဲဘက်တွင်ရှိသည်။

ဗိမာန်ကြီး အတွင်း ဗုဒ္ဓရုပ်ပွားတော်မြတ် (၁)ဆူကိုလည်း သပ္ပာယ်စွာ ဖူးတွေ့နိုင်သည်။ ကုန်ကျငွေ စုစုပေါင်းမှာ ကျပ် (၂၅၂၀၀၀၀)ဖြစ်သည်။

**မေတ္တာဝါဒီအာရုံခံတန်ဆောင်း**

ဘုရားကြီး၏ ရင်ပြင်တော် အနောက်မြောက်ထောင့်တွင် ရှိသည်။ ဇလွန်မြို့

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်လမ်းနေ ဦးမိကြွ+ဒေါ်ပုမိသားစုတို့က ၁၉၉၀–ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ကုန်ကျငွေစုစုပေါင်းမှာ (၄ သိန်းကျော်)ဖြစ်သည်။

**သစ္စာကာရီအာရုံခံတန်ဆောင်း**

ဘုရားကြီး၏ ရင်ပြင်တော် အနောက်တောင်ထောင့်တွင် ရှိသည်။ ဇလွန်မြို့ ဒေါ်သာညွန့်၊ ဒေါ်အုန်းမြင့်၊ ဦးလှသန်းတို့ ကောင်းမှုဖြစ်သည်။ ၁၉၉၀–ခုနှစ်တွင် ဆောက်လုပ် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ကုန်ကျငွေစုစုပေါင်းမှာ (၄)သိန်းကျော်ဖြစ်သည်။

**ဦးရွှေပွင့်ခေါင်းလောင်း**

ခေါင်းလောင်းတွင် ရေးထိုးထားသော ကမ္ပည်းစာသားများအရ ၁၂၁၀–ခု တပေါင်းလပြည့်နေ့တွင် မြို့သူကြီး ဦးရွှေပွင့်နှင့် ဇနီး ဒေါ်ရွှေမယ် မိသားစုတို့က လှူဒါန်းကြောင်း မှတ်သားရသည်။

ခေါင်းလောင်းတော်၏ စောက်မှာ (၁)ပေ၊ (၈)လက်မ၊ ထိပ်ဝလုံးပတ် (၅)ပေ (၆)လက်မ၊ ထိပ်ဝအကျယ် (၁)ပေ (၉)လက်မနှင့် ထိပ်ဝနှုတ်ခမ်းအထု(၂)လက်မခန့်ရှိသည်။

လက်ရှိ ခေါင်းလောင်းစင် ဒါယကာမှာ ဇလွန်မြို့၊ မီးသတ်ဗိုလ် ဦးကျော်သိန်း မိသားစုတို့ဖြစ်သည်။ ဘုရားကြီးအဝင် လက်ဝဲဘက်တွင် ရှိသည်။

**ဒေါ်ရှမ်းမခေါင်းလောင်း**

၁၂၆၄–ခု၊ တပေါင်းလပြည့်ကျော်(၁၁)ရက်နေ့ နံနက်(၁၀)နာရီ တွင် လှူဒါန်းသည်။ အလှူဒါယိကာမမှာ ဇလွန်မြို့ ဒေါ်ရှမ်းမ မိသားစုဖြစ်သည်။

ခေါင်းလောင်း၏ စောက်မှာ (၂)ပေ (၄)လက်မ၊ ထိပ်ဝလုံးပတ် (၈)ပေ (၃)လက်မ၊ ထိပ်ဝအကျယ် (၂)ပေ (၄)လက်မနှင့် ထိပ်ဝနှုတ်ခမ်းအကျယ် (၃)လက်မဖြစ်သည်။

ကြေးပိဿာချိန် (၅၀၀)ရှိသည်။ မြောက်ဘက်စောင်းတန်းမှ ဘုရားကြီးအဝင် လက်ယာဘက်တွင်ရှိပြီး ခေါင်းလောင်းစင်၏ အလှူရှင်မှာ ဒေါ်ရှမ်းမ၏ သား၊ သမီး၊ မြေး၊ မြစ်များဖြစ်သည်။



မေတ္တာဝါဒီအာရုံခံတန်ဆောင်း




သစ္စာကာရီအာရုံခံတန်ဆောင်း

www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေပွင့် ခေါင်းလောင်း



ဒေါ်ရှမ်းမ ခေါင်းလောင်း

www.burmeseclassic.com

www.burmeseclassic.com



သမိုင်းပြုစုရေးအဖွဲ့

နောက်တန်း(ဝဲမှယာ) ဦးကျော်မြင့် (ဗဟန်းလွှမ်းကျော်) အဖွဲ့ဝင်

ဦးကြည်ဝင်း (ဂေါပကအဖွဲ့ဝင်) ကြီးကြပ်ကူညီသူ

ဦးကျော်လွှမ်း (အရှေ့ဂိတ်မြေ မောင်မျှော်မှန်) အဖွဲ့ခေါင်းဆောင်

ရှေ့တန်း(ဝဲမှယာ) ဦးအောင်ကြည် (မောင်အောင်ကျွန်း) အဖွဲ့ဝင်

ဦးမြင့်ဆန်း (ကျွန်ုပ်မောင်စိန်ဆောင်) အဖွဲ့ဝင်

ဦးမင်းသန်း ဓာတ်ပုံ (ပြင်/ဆက်)

## ပြည်တော်ပြန်ဘုရားကြီး ဂေါပကအဖွဲ့



ဦးမောင်လှိုင် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ



ဦးမောင်ရှိန် ဂေါပကအဖွဲ့ ဒု-ဥက္ကဋ္ဌ (၁)



ဦးစိုးလွင် ဂေါပကအဖွဲ့ ဒု-ဥက္ကဋ္ဌ(၂)



ဦးမြင့်ဆွေ ဂေါပကအဖွဲ့ အတွင်းရေးမှူး

www.burmeseclassic.com

www.burmeseclassic.com

## ပြည်တော်ပြန်ဘုရားကြီး ဂေါပကအဖွဲ့



ဦးတင်ငွေ ဂေါပကအဖွဲ့ ဒု/အတွင်းရေးမှူး(၁)



ဦးအောင်မြေ ဂေါပကအဖွဲ့ ဒု/အတွင်းရေးမှူး(၂)



ဦးကျော်သန်း ဂေါပကအဖွဲ့ အဖွဲ့ဝင်



ဦးအောင်ချိန် ဂေါပကအဖွဲ့ အဖွဲ့ဝင်

## ပြည်တော်ပြန်ဘုရားကြီး ဂေါပကအဖွဲ့



ဦးကြည်ဝင်း ဂေါပကအဖွဲ့ အဖွဲ့ဝင်



ဦးအုန်းသောင်း ဂေါပကအဖွဲ့ ဒု-ဥက္ကဋ္ဌ(၁)(ယခင်)



ဦးစိုးဝင်း ဂေါပကအဖွဲ့ ဒု-ဥက္ကဋ္ဌ(၂)(ယခင်)



ဦးတိုးမြင့် ဂေါပကအဖွဲ့ အတွင်းရေးမှူး(ယခင်)

www.burmeseclassic.com

www.burmeseclassic.com

## ပြည်တော်ပြန်ဘုရားကြီး ဂေါပကအဖွဲ့



ဦးဝင်းတင် ဂေါပကအဖွဲ့ တွဲ/အတွင်းရေးမှူး(ယခင်)



ဦးလှကြည် ဂေါပကအဖွဲ့ အဖွဲ့ဝင်(ယခင်)



ဦးအောင်သန်း ဂေါပကအဖွဲ့ အဖွဲ့ဝင်(ယခင်)



ဦးဇော်ထွန်း ဂေါပကအဖွဲ့ အဖွဲ့ဝင်(ယခင်)



**ခြင်္သေ့အလှူရှင်များ**

ဘုရားကြီး၏မြောက်ဘက်စောင်းတန်းမှအဝင် လက်ဝဲဘက်တွင် ဆေးဝက်ဘာဆရာတော် ဦးသုရိယနှင့်တပည့်များ လှူဒါန်းသည့် ခြင်္သေ့ကြီး (၁)ကောင် တည်ရှိသည်။ လက်ယာဘက်တွင် တည်ရှိသော ခြင်္သေ့ကြီးမှာ ခမုံဆရာတော် ဦးကုသလနှင့် တပည့်များ စုပေါင်းလှူဒါန်းခြင်းဖြစ်သည်။ ပိသုကာလက်ရာရှင်မှာ "သုဝဏ္ဏဘုမ္မိ သထုံဆရာလှိုင်၏တပည့် ဦးစန်းမောင်"ဖြစ်သည်။

**မဟာရံတံတိုင်း**

ဘုရားကြီး၏ သာသနိကမြေ (၁၀)ကေအတွင်း ဘေးပတ်လည်မှ မြေသားများကို တူးယူ၍ ကုန်းတော်ဖို့သဖြင့် ကျုံးသဖွယ် ဖြစ်တည်နေသည်။ မဟာရံတံတိုင်းကို အလှူရှင်များ ကောင်းမှုဖြင့် ဗိုလ်ချုပ်လမ်းမှ စတင်ပြုလုပ်ခဲ့သည်။ မြောက်ဘက်နှင့် အနောက်ဘက်တို့၌ ကာရံထားပြီးဖြစ်သည်။

**ရေချမ်းစင်များ**

ရင်ပြင်တော်ကုန်းမြေ အရှေ့ဘက်တွင် ဆိစက်ပိုင်ရှင် ဦးမှုဆိုင်+ ဒေါ်အုန်းခင်၊ တူမဒေါ်စန်းလှတို့က (၁၃၀၁)ခုနှစ်၌ တည်ဆောက်လှူဒါန်းသည့် သစ်သားရေချမ်းစင်တစ်ခု ရှိခဲ့သည်။ (၁၃၃၂)ခုနှစ်တွင် ဖလွန်မြို့နယ်၊ ငါးအိမ်တန်းကျေးရွာနေ ဦးပန်း+ ဒေါ်စံမယ်တို့က အုတ်ရေချမ်းစင် တစ်ခုကို ရင်ပြင်ကုန်းမြေမြောက်ဘက်၌လည်းကောင်း (၁၃၄၃)ခုနှစ်တွင် ဦးဟုတ်ကြည်+ဒေါ်တင်အေး(ငွေစန္ဒာ ပုံနှိပ်တိုက်လုပ်ငန်းနှင့်ပရိက္ခရာဆိုင်)မိသားစုက ရေပိုက်ခေါင်းငါးခုပါအုတ်ရေချမ်းစင်ကိုလည်းကောင်း၊ ၁၃၄၉–ခုနှစ်တွင် ရန်ကုန်မြို့ ရွှေတိဂုံဝေနေယျသုခ ရေချမ်းစင်အသင်းက ရေပိုက်ခေါင်း ငါးခုပါ အုတ်ရေချမ်းစင်တစ်ခုကို အရှေ့ဘက်တွင်လည်းကောင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ (၁၃၅၅) ခုနှစ်တွင် ဦးအုန်းခင်+ ဒေါ်မြလှ မိသားစု၊ ကန်တော်ကလေး၊ ရန်ကုန်က ချမ်းမြေ့ရေချမ်းစင်ကို ရင်ပြင်တော်တောင်ဘက်တွင် လှူဒါန်းခဲ့သည်။

၁၃၅၈–ခုနှစ်တွင် ဆီမီးကိုးထောင် ပန်းတစ်ထောင်အလှူရှင်များနှင့် ဇရာဝတီတိုင်း လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ထွန်း+ဒေါ်ခင်လေးညွန့် မိသားစုတို့က ရေပိုက်ခေါင်းငါးခုပါ ရေချမ်းစင်ကို ပိဋကတ်တိုက်ရှေ့၌ တည်ဆောက်

www.burmeseclassic.com

www.burmeseclassic.com



လှူဒါန်းခဲ့သည်။ ထိုရေချမ်းစင်ရှေ့တွင် လက်ဆေးကန်နှင့် ခြေဆေး ရေပိုက်တို့ကို အောင်စည်တော် မှန်လုံယာဉ်လိုင်းမှ လှူဒါန်းထားသည်။

ဘုရားကြီး ပရိဝုဏ်အတွင်း သောက်သုံးရေကို ဦးဘိုးရင် (အငြိမ်းစား ဒုတိယ ထောက်ပံ့ရေးမင်းကြီး)+ဒေါ်မြမြလှူဒါန်းသည့် ရေစင်ကြီးနှင့် ဦးဒေါင်း+ဒေါ်မယ်သီ သမီး မလှဝေတို့ လှူဒါန်းသည့် ရေစင်ကြီးက ဖြည့်တင်းပေးလျက်ရှိသည်။

**တည်းခိုဆောင်**

ကံ့ကော်ရွှေပြည် ဆရာဦးသန်းထွန်း+ ဒေါ်မြသွေးတို့အား အမှူးထား၍ သား ကိုထွန်းထွန်းလှိုင် ရန်ကုန်မြို့က ဘုရားဖူးဧည့်သည်များအတွက် တည်းခိုဆောင်ကို ၁၃၅၈–ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းထားသည်။ ဆက်လက်၍ ရေစင်တစ်ခု၊ ခြေဆေးကန်တစ်ခု လှူဒါန်းခဲ့သည်။

**ဝတ္ထုကမြေ လှူဒါန်းကြခြင်း**

ဘုရားကြီး ပရိဝုဏ်၏ မြောက်ဘက်တွင် ဒေါ်မြနွဲ့ လှူဒါန်းသည့် မြေဧရိယာ(၀.၃၃)ဧကတွင် ဈေးဆိုင်ခန်း (၆)ခန်း ဆောက်လုပ် ငှားရမ်းထားပါသည်။

နှစ်စဉ် တပေါင်းလ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရန်အတွက် ဇလွန်မြို့၊ လမ်းမတော်တောင်ရပ်ကွက်၊ သံလွင်ကွင်းတွင် မြေ (၁၂.၃၃) ဧကရှိပါသည်။

**မုနိလေးဆူ၏ ဉာဏ်တော်များ**

(၁) မဟာမုနိဉာဏ်တော်
(စမ္မခဏ်အလွတ်) ခြောက်တောင်တစ်မိုက်။

(၂) ရှင်ကျော်မုနိဉာဏ်တော်
(စမ္မခဏ်အလွတ်) လေးတောင်ရှစ်လက်မ။

(၃) ရွှေဘုံသာမုနိဉာဏ်တော်
(စမ္မခဏ်အလွတ်) သုံးတောင်ဆယ်လက်မ။

(၄) မာရ်အောင်မြင်မုနိ (ပြည်တော်ပြန်ဘုရား) ဉာဏ်တော်
**(စမ္မခဏ်အလွတ်) နှစ်တောင်တစ်ထွာ** (၃–ပေ ၉–လက်မ)
(ရှင်ကုလာသဘာ (ပြည်)၏သမိုင်းစာအုပ်မှ)



မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး၏–

| | | | |
|---|---|---|---|
| (က) | ဆံစုတော်အမြင့် | ၄ ၁/၂ | လက်မ |
| (ခ) | ဆံစုတော်အဝန်း | ၁၉ | လက်မ |
| (ဂ) | ဦးခေါင်းတော်အဝန်း | ၃၃ ၁/၂ | လက်မ |
| (ဃ) | လည်ပင်းတော်အဝန်း | ၂၂ | လက်မ |
| (င) | လည်ပင်းတော်အမြင့် | ၇ | လက်မ |
| (စ) | နားရွက်တော်အမြင့် | ၇ | လက်မ |
| (ဆ) | မျက်နှာတော် (မေးစေ့မှ ဆံစပ်တော်အထိ) | ၉ | လက်မ |
| (ဇ) | ပုခုံးတော်အကျယ်အဝန်း | ၂၄ | လက်မ |
| (ဈ) | ဉာဏ်တော်(စမ္မခဏ်မပါ)အမြင့် | ၄၅ | လက်မ |
| | | (၃ ပေ ၉ လက်မ) | |
| (ည) | စမ္မခဏ်အမြင့် | ၉ | လက်မ |
| (ဋ) | လက်မောင်းတော်(လုံးပတ်) အတိုင်းအတာ | ၁၇ | လက်မ |
| (ဌ) | လက်ဝါးတော်အကျယ်(ဘယ်ညာ) | ၉ | လက်မ |
| (ဍ) | ခြေဖဝါးတော် အလျားအတိုင်းအတာ | ၁၁ | လက်မ |
| (ဎ) | ထက်ဝယ်ဖွဲ့ခွေ လုံးပတ်တော် အကျယ်အဝန်း | ၁၀၄ | လက်မ |

[(၂၅–၁၂–၉၆)ရက်နေ့တွင် သမိုင်းပြုစုရေးအဖွဲ့မှ တိုင်းတာထားသော မှတ်တမ်းဖြစ်သည်။]

## မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး ဇလွန်မြို့သို့ပြန်ရောက်သည့် ပူဇနီယပွဲတော်တွင် သီဆိုပူဇော်သည့် လေးချိုးကြီး

**ရေးသားသူ–ဇလွန်မြို့ အမိန့်တော်ရ ရှေ့နေ ဦးပု**

ရွှေသယမ္ဘူအရှင် ယင်းအတိတ်အစဉ် ပြရမှာဖြင့်
ပြေမြန်ငူတစ်ခွင် အင်္ဂလိပ်ဘုရင် မရမီက
သတင်းဟိတ်ထင်ကရ မြန်တော်တစ်ခွင်မှာလေနော်

www.burmeseclassic.com

www.burmeseclassic.com



နှင်းတံဆိပ်တော်အရင်းက မာရ်အောင်မြင်။
အင်္ဂလိပ်ကယ်တို့....
နှင်းနှိပ်ကာ မြန်နယ်ယူတော့
စံဖွယ်မတူ ချစ်ရှင်တစ်ပါးမှာလ
ရန်စွယ်တစ်မူ စစ်ဝန်ကုလားရယ်တို့
ထုတ်သွားကာ ဆောင်ယူသမို့
သမုဒ်ခြားရာ တောင်ဇမ္ဗူအပြင်သို့
ခေါင်တစ်ဆူ ဘုရင်ကိုယ်တော်မြန်းရှာရ
တမ်းတမွေ့ အင်ပါကိုကွယ်
လွမ်းကြပြေခွင်။
ဖိစက်ပြိုင်ကာ မီးခတ်အခိုးတွေနှင့် ဖျက်ပေမဲ့
ပြိုပျက်မယိုင်ပါ ကြီးမြတ်တဲ့ တန်ခိုးပရမေအတွက်ကယ်ကြောင့်
ဘိလပ်ဆွေ သတိုးကနက်မှာတဲ့ အိပ်မက်မြင်
ထိန့်ဝှက်ချင်ပါပေမယ့်လို့
အကြံမပြည့်လို့ပါဘဲ....
စိန်စက်ဆင်နှာဝါနဲ့ ပို့ကြစို့အမြဲ။
တစ်နည်း နတ်ဘုရင်လေ့
ဘိလပ်ဘုရင်မိန့်တော် သို့ကလိုကျခါမှ
ဠာနတော် မြန်ဘောင်တစ်ခွင်သို့
ပြန်ဆောင်တင် အသာတကြည်နော်ရောက်ခါမှ
မာရ်အောင်မြင် မည်တော်ပျောက်ခဲ့ရ
ထို့နောက်ဆွေ မော်သဟံမတော့
တေဇော်လျှံ သြဘာသစ်တဲ့အပြင်
ပြေတော်ပြန် ဝေါဟာဖြစ်ခဲ့ရ
ထေ့ာပနာအသစ် ရည်ရွယ်မှန်းသမို့ မလွဲနိုင်ပြီးပါဘု
(ပြည်သူတို့ရေ)
စောဘဂဝါ ဓမ္မရာဇ် ပြည်တော်ပြန်ဘုရားရဲ့ ဝန္ဒနာပွဲ။



## မဟာမုနိပျို့ (ကောက်နုတ်ချက်)

(၁) ပန်းတွင်မှုလေး၊ အထွေင်သိတာ
ပညာရှိတွင် ကာလိဒါသ၊ အထွန့်ရသို့
ဗုဒ္ဓကိုယ်စား၊ ကိုယ်တော်ပွားတွင်
ဘုရားမုနိ၊ လေးဆူရှိ၍
မုနိလေးပါး၊ မြတ်ကြောင်းကို။

## (မဟာမုနိပျို့နိဒါန်း)

(၂) စန္ဒသူရိယ၊ ထိုမင်းလှအား
ငဲ့သနား၍၊ စီးပွားနောက်နောင်
ဖြစ်လေအောင်လျှင်၊ လူ့ဘောင်တည်စေ
ထားခဲ့ပေသည့်၊ ကြောက်ထွေရောင်ပွား
လေးပါးမုနိ၊ ရွှန်းအိလျှံအောင်
မာရ်စစ်အောင်ကို၊ ထွန်းပြောင်စေတနာ
သဒ္ဒါအဟုန်၊ ဖူးပါကုန်လော့
သုံးလူ့သခင်၊ ရှင်ပင်လေးဖြာ။

## (မဟာမုနိပျို့)

- အထက်ပါ မဟာမုနိပျို့ ကောက်နုတ်ချက်များ၏ အဓိပ္ပာယ်အရ မဟာမုနိ အပါအဝင် ဆင်းတုတော် (၄)ဆူ သွန်းလုပ် ပူဇော်ခဲ့ကြောင်း အထောက်အထား တွေ့နိုင်ပါသည်။
- ဇလွန်မြို့ အမိန့်တော်ရရှေ့နေ ဦးပုရေးသားသည့် လေးချိုးကြီးအား ဖတ်ရှုခြင်းဖြင့် မာရ်အောင်မြင်ဆင်းတုတော်ဘုရားကြီးမှာ အိန္ဒိယပြည်သို့ အင်္ဂလိပ်များ သယ်ဆောင်သွားကြောင်း အထောက်အထား ခိုင်လုံနေပါသည်။
- သို့ဖြစ်၍ မဟာမုနိပျို့နှင့် ဝန္ဒနာပွဲတွင် သီဆိုသော လေးချိုးကြီးတို့အား ဖော်ပြထားခြင်းဖြစ်ပါသည်။

(သမိုင်းပြုစုရေးအဖွဲ့)

www.burmeseclassic.com

www.burmeseclassic.com



## ဇလွန်မြို့ ပြည်တော်ပြန်ဘုရားကြီးသမိုင်း နောက်ဆက်တွဲပူဇော်ပြင် လှူဒါန်းမှုများ

### (က) ပလ္လင်တော်ထပ်မံပြုပြင်ခြင်း။

ဂေါပကအဖွဲ့မှ ပလ္လင်တော်ကြီးအား (၂-၄-၉၉)နေ့မှစကာ တိုးချဲ့ပြုပြင်မွမ်းမံခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ပလ္လင်တော်အား အရှေ့ဘက်တွင် (၉)လက်မ၊ ဘေးတစ်ဖက်စီတွင် (၁)ပေစီ တိုးချဲ့ကာ ပလ္လင်တော်တစ်ခုလုံးအား ရွှေချလှူဒါန်းခဲ့ပါသည်။ ကုန်ကျငွေစုစုပေါင်းမှာ (၉၁၉၆၄၅/-)ဖြစ်ပါသည်။ ပြီးစီးသည့်နေ့ရက်မှာ(၃၀-၆-၉၉)နေ့ဖြစ်ပါသည်။တာဝန်ယူ ကြီးကြပ် ဆောင်ရွက်သူမှာ မြို့နယ်သာသနာရေး ဦးစီးမှူး ဦးချောနှင့်အဖွဲ့ ဖြစ်ပါသည်။

### (ခ) ငါးဘုံတန်ဆောင်း အသစ်ပြန်လည်တည်ဆောက်ခြင်း။

၁၉၉၆-ခုနှစ်မှ စတင်၍ ဂေါပကအဖွဲ့၏ ကြီးကြပ်စီစဉ်ဆောင်ရွက်မှု၊ အလှူရှင်အများကောင်းမှုတို့ဖြင့် ခေတ်ပေါ်ကွန်ကရစ်များနှင့် ရှေးလက်ရာ အတိုင်း ပြုပြင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ၁၉၉၉-ခု၊ စက်တင်ဘာလကုန်ထိ (၉၆)ရာခိုင်နှုန်း ပြီးစီးနေပြီး၊ ကုန်ကျငွေစုစုပေါင်းမှာ (၉၅၉၀၇၀၂/-)ဖြစ်ပါသည်။

### (ဂ) မုခ်ဦးရင်ပြင်တော် ပြုပြင်မွမ်းမံခြင်း။

မုခ်ဦးရင်ပြင်တော် ပြင်ဆင်တိုးချဲ့ရန် ဩဝါဒါစရိယ ဆရာတော်များ၏ ဩဝါဒနှင့်အညီ ဇရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရရွှေမန်း၏ လမ်းညွှန်ချက်အရ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင် ဖွံ့ဖြိုးရေးကောင်စီ တို့၏ ဦးဆောင်မှုဖြင့် ဘုရားကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ ဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေးအဖွဲ့တို့မှ ပြန်လည်ပြုပြင် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။ တာဝန်ယူ ကြီးကြပ်ဆောင်ရွက်သူမှာ ဂေါပကအဖွဲ့ဝင် ဦးကြည်ဝင်းနှင့် အဖွဲ့ ဖြစ်ပါသည်။



ပြုပြင်မွမ်းမံ တည်ဆောက်သည့်လုပ်ငန်းများမှာ -

(၁) သံကူကွန်ကရစ်ကြမ်းခင်းလမ်းကူး ရေမြောင်းတစ်ခု။
(၂) လမ်း ဝဲ/ယာ ချဉ်းကပ်အုတ်ခုံလိုင်းနှင့် ပလက်ဖောင်းနှစ်ခု။
(၃) သံကူကွန်ကရစ် မြန်မာမှုကျောက်တိုင်။ (ဝဲ ၅ တိုင်၊ ယာ ၅ တိုင်)
(၄) ပလက်ဖောင်းနှင့် လမ်းကြား သံကူကွန်ကရစ်ကြမ်းခင်းနှစ်ခု။
(၅) ခြသေ့်နှင့် အုတ်ခုံကြား ကွန်ကရစ်ကြမ်းခင်းနှစ်ခု။
(၆) ရင်ပြင် ဝဲ/ယာ အတက်အဆင်း ကွန်ကရစ်လမ်းနှစ်ခု။
(၇) ကြွေပြားကပ် အုတ်ခုံတန်းလျားနှစ်ခု။

### (ဃ) မြောက်ဘက်စောင်းတန်း ကြွေပြားခင်းလှူဒါန်းခြင်း။

မြောက်ဘက်စောင်းတန်းကြီး၌ ယခင်ခင်းထားသည့် ကျောက်ပြားများ အပေါ်တွင် (၈)လက်မပတ်လည် ရောင်စုံကြွေပြား (၇၀၇၅)ချပ် ထပ်၍ခင်းကာ လှူဒါန်းခဲ့ပါသည်။ အလှူရှင်မှာ ဇလွန်မြို့ ကမ်းနားမြောက်ပိုင်းရပ်၊ ပွဲစားကြီး ဦးအကြူ+ဒေါ်မြတင်တို့၏သား ရန်ကုန်မြို့၊ တောင်ဥက္ကလာပနေ ဦးမြသိန်း +ဒေါ်ယဉ်တင့်နှင့် သား ဦးလှကျော်+ဒေါ်ယဉ်ယဉ်မြင့်၊ သမီး ဒေါ်ချိုပြုံး ခင်ပွန်းဖြစ်သူ ဦးကျော်သူ၊ သား မောင်ကျော်ဌေး+မဝါဝါခိုင်၊ သား မောင်ကျော် အောင်+မရီရီချို တို့ဖြစ်သည်။ ထို့အတူ ဒေါ်သန့်တန်ဆောင်းနှင့် ပေါင်းကူးတိုက် တို့ကိုလည်း (၁)ပေပတ်လည် ရောင်စုံကြွေပြား (၆၅၀)ချပ် ခင်းကျင်းလှူဒါန်း ခဲ့ပါသည်။ ကုန်ကျငွေ စုစုပေါင်းမှာ (၉)သိန်းကျော်ဖြစ်ပါသည်။

အလှူ့ဒါယကာ ဦးမြသိန်း+ဒေါ်ယဉ်တင့်တို့မှပင် သာသနာနန္ဒဗိမာန် တော်ကြီးနှင့် မြောက်ဘက်စောင်းတန်းတော်ကြီးအား ဆက်သွယ်သောလမ်းတွင် ကျောက်ပြားခင်း လှူဒါန်းခဲ့သည်။ ခင်းကျင်းလှူဒါန်းခဲ့သော စကျင်ကျောက် (အအေးခံကျောက်ပြား)မှာ အချပ်ရေ (၅၆၇)ချပ်ရှိပြီး၊ ကုန်ကျငွေစုစုပေါင်း (၂)သိန်းကျော် ကျခံလှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။ ယင်းလုပ်ငန်းအား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်လှိုင်နှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**(င) ဘုရားသမိုင်းအကျဉ်း ကျောက်စာရေးထိုး လှူဒါန်းခြင်း။**

ဘုရားကြီး၏ အရှေ့ဘက် ကိုးနဝင်းစေတီအနီးတွင် ပြည်တော်ပြန်ဘုရားသမိုင်းအကျဉ်းချုပ်ကျောက်စာကို ဂေါပကအဖွဲ့မှ ရေးထိုးလှူဒါန်းထားသည်။ အလှူရှင် ဂေါပကအဖွဲ့ အမည်စာရင်းမှာ ဥက္ကဋ္ဌ ဦးမောင်လှိုင် (ပန်းဘဲလုပ်ငန်းပိုင်ရှင်)၊ ဒု-ဥက္ကဋ္ဌ (၁)ဦးအုန်းသောင်း (မြို့နယ်တရားသူကြီး)၊ ဒု-ဥက္ကဋ္ဌ(၂) ဦးစိုးဝင်း (ကြီးကြပ်ရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ်)၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်သန်း (ရွှေပန်းထိမ်လုပ်ငန်းပိုင်ရှင်)၊ ဦးမောင်ရှိန် (ကုန်သည်)၊ ဦးတင်ငွေ(ကုန်သည်)၊ ဦးစိုးလွင် (စိမံရေးမှူးအငြိမ်းစား၊ စက်မှု-၁)၊ ဦးကျော်သန်း (လျှပ်စစ်ရုံး၊ အငြိမ်းစား)၊ ဦးအောင်ပြေ(ဆိပ်ကမ်းကုန်တင်ကုန်ချရုံး)၊ ဦးရဲမြင့်(မန်နေဂျာ၊မြန်မာ့ဂုန်လျှော်လုပ်ငန်း)၊ ဦးဖော်ထွန်း၊(မန်နေဂျာ၊မြန်မာ့ရေနံလုပ်ငန်း)၊ ဦးလှကြည် (မန်နေဂျာ၊ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်)၊ ဦးဝင်းကြိုင် (ဦးစီးမှူး၊ မြေစာရင်းဦးစီးဌာန) ဦးကြည်ဝင်း (တာဝန်ခံ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၊ ဦးမြင့်ဆွေ (မန်နေဂျာ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)၊ ဦးအောင်ချိန် (ဦးစီးအရာရှိ၊ ဆည်မြောင်းဦးစီးဌာန)၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းတင် (တောအုပ်ကြီး)၊ အတွင်းရေးမှူး ဦးတိုးမြင့် (ဒု-မြို့နယ်ဥပဒေအရာရှိ)တို့ ဖြစ်ကြပါသည်။

**(စ) ဩဝါဒါစရိယ ဆရာတော်ကြီးများ နားနေဆောင် တည်ဆောက်ခြင်း။**

ပြည်တော်ပြန်ဘုရားကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ တည်ခိုးနားနေရန်အတွက် ဂေါပကအဖွဲ့မှ စီစဉ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

၁၉၉၈-ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် စတင်ဆောင်ရွက်ခဲ့ပြီး၊ ၁၉၉၉-ခုနှစ် မတ်လကုန်တွင် ပြီးစီးခဲ့ပါသည်။ ကုန်ကျငွေစုစုပေါင်းမှာ (၁၆၂၉၅၅၀/-) ဖြစ်ပါသည်။

ထိုအဆောက်အအုံနှင့် ရင်ပြင်တော်မုခ်ဦး မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများကို ဂေါပကအဖွဲ့ဝင် ဦးကြည်ဝင်းမှ အဖွဲ့ခေါင်းဆောင်အဖြစ် ကြီးကြပ်ဆောင်ရွက်ခဲ့ပါသည်။



**(ဆ) သံတန်ဆောင်းပြုပြင်ခြင်းလုပ်ငန်း။**

သံတန်ဆောင်း ပြုပြင်ခြင်းလုပ်ငန်းကို ဂေါပကအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် (၂၉-၁၁-၉၈)နေ့တွင် စတင်ခဲ့ပါသည်။ ပြုပြင်ဆောင်ရွက်ခြင်း လုပ်ငန်းများတွင် သွပ်မိုးနှင့် ကနုတ်ပန်းများ ပြန်လည်ပြုပြင်ခြင်း၊ ဆေးသုတ်ခြင်း၊ မှခ်တံကဲများပြုပြင်ခြင်း၊ တန်ဆောင်းအတွင်းရှိ နှစ်ကျိပ်ရှစ်ဆူဘုရား ပလ္လင်တော်မှန်စီခြင်း၊ တိုင်များ ရွှေဆေးသုတ်ခြင်း၊ စေတီတော်အား ရွှေဆေးကပ်လှူပူဇော်ခြင်း၊ ထီးတော်တင်ခြင်းတို့ ဖြစ်ပါသည်။ လုပ်ငန်းပြီးစီးသည့် နေ့ရက်မှာ (၂၄-၆-၉၉) နေ့ ဖြစ်ပြီး ကုန်ကျငွေစုစုပေါင်း (၃၉၃၁၉၅၀/-)ဖြစ်ပါသည်။

**(ဇ) ပန်းထောင်ပန်းဆွဲ တပ်ဆင်ပူဇော်ခြင်း။**

ဘုရားကြီး၏ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးအဖွဲ့မှ

(က) စေတီတော်ကြီး၏ တန်ဆောင်းတော်အမိုး။

(ခ) မြောက်ဘက်စောင်းတန်းတော်အမိုး။

(ဂ) ငါးဘုံတန်ဆောင်းတော်အမိုး။

(ဃ) ကိုးဘုံတန်ဆောင်းတော်အမိုးတို့တွင် မြန်မာမှုလက်ရာ ပန်းထောင် ပန်းဆွဲများကို ပြုပြင်မွမ်းမံတပ်ဆင်ခဲ့ပါသည်။ မြန်မာမှု လက်ရာရှင်မှာ ရန်ကုန်မြို့၊ တောင်ဥက္ကလာပနေ ပန်းတဉ်းပညာရှင် ဆရာကြီးဦးမြသိန်းနှင့်အဖွဲ့ ဖြစ်ပါသည်။ ယင်းလုပ်ငန်းများအနက် စေတီတော်ကြီး၏ တန်ဆောင်းတော်အမိုးနှင့် မြောက်ဘက်စောင်းတန်းတော်အမိုးတို့အား ပန်းထောင်ပန်းဆွဲတပ်ဆင်ခြင်းလုပ်ငန်းကို ယခင်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးတိုးမြင့်နှင့်အဖွဲ့မှ တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ငါးဘုံတန်ဆောင်းတော်အမိုးအား ပန်းထောင်ပန်းဆွဲ တပ်ဆင်ခြင်းလုပ်ငန်းကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်လှိုင်နှင့်အဖွဲ့မှ တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ ကိုးဘုံတန်ဆောင်းတော်အမိုးအား ပန်းထောင်ပန်းဆွဲ တပ်ဆင်ခြင်း လုပ်ငန်းကို ယခု ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမြင့်ဆွေနှင့်အဖွဲ့မှ တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## (ဈ) မြောက်ဘက် စောင်းတန်းနှင့် စေတီ တန်ဆောင်းတော်ကြီး ဆက်သွယ်သော ပေါင်းကူးတိုက် မျက်နှာကျက် ပြုပြင်မွမ်းမံ လှူဒါန်းခြင်း။

အလှူရှင်မှာ မိဘများဖြစ်ကြသော ဦးစိုးလင်း+ဒေါ်ကျင်ယုံတို့အား ရည်စူး၍ သားသမီးများဖြစ်ကြသည့် ဦးစံလွင်၊ ဦးမြင့်စိုး (ဇလွန်မြို့၊ သီတာလမ်း)၊ ဦးသိန်းထွန်း၊ ဦးမြသူ၊ ဒေါ်အေးအေးလင်း၊ ဒေါ်စန်းစန်းလင်း၊ ဦးကြည်ညွန့်၊ မောင်မိုးကျော်စွာတို့မှ စုပေါင်းလှူဒါန်းခြင်းဖြစ်သည်၊

မျက်နှာကျက်အား အသစ်ပြုပြင်၍ အတွင်းထုတ်ပတ်လည်နှင့် တိုင်(၆)လုံးအား ရွှေဆေးသုတ် လှူဒါန်းခြင်းဖြစ်ပါသည်။ ၃၀-၈-၉၉ နေ့တွင် လုပ်ငန်းစတင်ခဲ့ပြီး၊ ကုန်ကျငွေစုစုပေါင်း (၁၀)သိန်းကျော် ကျခံလှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။

အထက်ပါ ပြုပြင်မွမ်းမံတည်ဆောက်ခြင်းနှင့် လှူဒါန်းမှု မှတ်တမ်းများသည် (၂၁-၁၀-၉၉)ရက်နေ့ အထိသာ ဖြစ်ပါသည်။

BURMESE CLASSIC .com

(သမိုင်းပြုစုရေးအဖွဲ့)

## နိဂုံး

မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး၏ တန်ခိုးတော်နှင့်လျော်ညီစေရန် ဤသမိုင်းမှတ်တမ်းအား ပြုစုခဲ့ကြသည်။ ပြီးပြည့်စုံသော မှတ်တမ်းသမိုင်းဖြစ်ပါသည်ဟု ဝန်ခံခြင်းမှာ မဝံ့ရဲကြပါ။ သို့သော် အထိုက်အလျောက် ပြီးပြည့်စုံနိုင်သည်ဟုသာ ဆိုညွှန်းလိုပါသည်။

ရှိခဲ့ပြီးသော သမိုင်းစာအုပ်များ၊ ကိုယ်တွေ့ကြုံခဲ့ဖူးသော ရဟန်းရှင်လူများအား အခြေပြု၍ သဘာဝယုတ္တိ၊ သာဓကယုတ္တိများနှင့် လိုက်လျောညီစွာ ရှိစေရန် ကြိုးစားလေ့လာ ရေးသားထားပါသည်။



အလားတူ ထေရဝါဒ ဗုဒ္ဓဘာသာအမြင် မတိမ်းစောင်းရေး၊ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒများနှင့် ကိုက်ညီရေးတို့ကိုလည်း သတိပြု၍ ရေးသားခဲ့ကြပါသည်။

အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အဆင့်ဆင့်၊ ဂေါပကအဖွဲ့၊ အကြံပြုသူ၊ အထောက်အထားများ ရှာဖွေပေးသူ၊ ငွေရမ်းသူ၊ လှူဒါန်းသူ အသီးသီးတို့၏ သဒ္ဓါတရားဆန္ဒဖြစ်စဉ်တို့နှင့်လည်း ညှိနှိုင်းချိန်ဆ၍ ရေးသားခဲ့ကြပါသည်။

မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး၏ ဘုန်းတန်ခိုးတော် ကြီးမြတ်မှုကို ဤသမိုင်းမှတ်တမ်းမှ ဖွင့်ဆိုပြသခြင်းထက် မြန်မာပြည်အနှံ့ ဘုရားဖူးရဟန်းရှင်လူများ၊ ဇလွန်ဒေသခံများ၏ ကိုယ်တွေ့များကလည်း သက်သေခံနေကြမည်ဖြစ်ပါသည်။ သို့ပါ၍သမိုင်းမှတ်တမ်းတွင် လိုအပ်သည်ထက် လွန်ကျူး၍ ဖွဲ့ဆိုရေးသားရန် မသင့်ဟု ခံယူယုံကြည်ပါသည်။

ပစ္စုပ္ပန်ကာလ၊ လူသားဘဝတို့၏ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတို့ လျော့ပါးစေပြီး လူ၊ နတ်၊ နိဗ္ဗာန်အကျိုးအတွက် အထောက်အကူပြုနိုင်ရန် ဤသမိုင်းမှတ်တမ်းက အကျိုးပြုလိမ့်မည်ဟုလည်း ယုံကြည်ပါသည်။ အနာဂတ်ကာလ လူသားတို့၏ ဘဝနှင့် ဘာသာတရား ယုံကြည်သက်ဝင်မှုကိုလည်း အကျိုးပြုလိမ့်မည်ဟု ယုံကြည်ပါသည်။

ဗုဒ္ဓသာသနာ နေရောင်လရောင်ပမာ ထွန်းလင်းစေရန် မြတ်ဗုဒ္ဓ၏ သာသနာတော် အစွန့်ရှည်၍ တည်တံ့စေရန်အတွက် ဤဘုရားသမိုင်း မှတ်တမ်းသည်လည်း အကျိုးသက်ရောက်ကာ သာသနာ့ဝန်ကို ထမ်းဆောင်နေလိမ့်မည်ဟု ယုံကြည်ပါသည်။

လူတို့၏ မျက်မှောက်ဘဝခရီးနှင့် ဘဝလွန်ဘဝ သံသရာတို့အတွက် ဤဘုရားသမိုင်း မှတ်တမ်းသည် အလိုအပ်ဆုံး ရတနာပစ္စည်းအဖြစ် တည်ရှိနေရမည်သာ ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ သာသနာ (၃)ရပ်အနက် ပရိယတ္တိသာသနာသည် ရေသောက်မြစ် ဖြစ်ပါသည်။ ထိုရေသောက်မြစ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဤဘုရားသမိုင်းမှတ်တမ်းကို မော်ကွန်းတင်လိုကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ဩဝါဒါစရိယဆရာတော်ကြီးများနှင့် လက်ရှိတာဝန်ယူနေကြသော ဂေါပကအဖွဲ့က ထိုဆန္ဒကို အကောင်အထည်ဖော်ပေးခဲ့ခြင်းလည်း ဖြစ်ပါသည်။ အဘက်ဘက်မှ ပြည့်စုံညီညွတ်ပြီး အထောက်အထားမှန်ကန်နိုင်သမျှ မှန်ကန်စေရန် သမိုင်းပြုစုရေးအဖွဲ့ကလည်း ကြိုးစားရေးသားထားကြပါသည်။

အကယ်၍ တစ်စုံတစ်ရာပြည့်စုံမှု မရှိခြင်း၊ အယူအဆလွဲမှားခြင်း ပါရှိပါက သမိုင်းပြုစုရေးအဖွဲ့၏ အားနည်းမှုသာဖြစ်ကြောင်းလည်း အစီရင်ခံလိုပါသည်။

မည်သို့ပင်ဖြစ်စေ ဗုဒ္ဓဘာသာ သာသနာ အရှည်တည်တံ့ရေးနှင့် မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး၏ ဖြစ်စဉ်သမိုင်း မှန်ကန်တိကျရေး၊ အလွယ်တကူ ဖတ်မှတ်လေ့လာနိုင်ရေးတို့ကိုသာ ဦးတည်ရည်ရွယ်ရေးသားထားပါ၍ ဤဘုရားသမိုင်းအား ဖတ်ရှုပူဇော်ရင်း ဒုက္ခအားလုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာမြတ်ကို ရောက်လွယ်၊ရလွယ်နိုင်ကြပါစေဟု ဆုတောင်းဆန္ဒပြုလျက် နိဂုံးချုပ်အပ်ပါသည်။

**(သမိုင်းပြုစုရေးအဖွဲ့)**



နောက်ဆက်တွဲ (က)

## ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားသမိုင်း ပြုစုရေးအဖွဲ့

**အမည်စာရင်း။**

(၁) ဦးကြည်ဝင်း (ဂေါပကရုံး၊ ရုံးအဖွဲ့မှူး) (ကြီးကြပ်ကူညီသူ)

(၂) ဦးကျော်ထွန်း(အဖျောက်မြေမောင်ဆွေမွန်)စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ (သမိုင်းပြုစုရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်)

(၃) ဦးကျော်မြင့် (ဇလွန်လွမ်းကျော်)စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ အတွင်းရေးမှူး၊ (သမိုင်းပြုစုရေးအဖွဲ့၊ အဖွဲ့ဝင်)

(၄) ဦးအောင်ကြွယ်(မောင်အောင်မှူး)စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ အဖွဲ့ဝင် (သမိုင်းပြုစုရေးအဖွဲ့၊ အဖွဲ့ဝင်)

(၅) ဦးမြင့်ဆန်း(ဇလွန်မောင်စိမ်းအောင်) စာပေနှင့် စာနယ်ဇင်းအဖွဲ့။ ဘဏ္ဍာရေးမှူး(သမိုင်းပြုစုရေးအဖွဲ့၊ အဖွဲ့ဝင်)

(၆) ဦးတင်ဦး၊ မြို့နယ်စာရင်းရုံး၊ လက်နှိပ်စက်တာဝန်ခံ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆက်တွဲ (ခ)

## ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး သမိုင်းပြုစုရေးအတွက် အထောက်အကူပြု စာရွက်၊ စာတမ်း၊ စာအုပ်များစာရင်း

(၁) ဦးမောင်ရှင်း ပြုစုသည့် (ပြည်တော်ပြန်ဘုရားသမိုင်းအကျဉ်း) စာအုပ်။
(၂) အရှင်ကုလာသဘ (ပြည်) ပြုစုသည့် (ပြည်တော်ပြန်ဘုရားသမိုင်း) စာအုပ်။
(၃) ဇလွန်မြို့၊ ပြည်တော်ပြန်ဘုရားကြီး၏ ဘဏ္ဍာတော် ဂေါပက (ဥပဒေ)။
(၄) ပန်းချီတော် ဆရာချို (စာပေဗိမာန်ထုတ်စာအုပ်)။
(၅) ဂေါပကအဆက်ဆက် အစည်းအဝေး မှတ်တမ်းများ။
(၆) ရတနာမွန် ဘာသာရေးမဂ္ဂဇင်းပါ (ဆရာဦးသုခ၏ ပြည်တော်ပြန်ဘုရားဆောင်းပါး)။
(၇) သမန္တစက္ခုဒီပဏီကျမ်း (သာသနာရေးဦးစီးဌာနထုတ်)စာအုပ်။
(၈) သန်လျင်မြို့၊ကျိုက်ခေါက်စေတီတော်မြတ်ကြီး သမိုင်းစာအုပ်။
(၉) ရွှေတိဂုံကုန်းတော်မှ အံ့သြဘနန်း ဖြစ်ရပ်ဆန်းများ (သုတေသီမြင့်ထွန်း) စာအုပ်။
(၁၀) ပြည်မြို့အနောက်ဘက်ကမ်းရှိ ရွှေဘုံသာ ဘုရားသမိုင်းစာအုပ်။
(၁၁) ဗုဒ္ဓသာသနာသမိုင်း(အကျဉ်းချုပ်)။
(၁၂) အရှေ့တိုင်းယဉ်ကျေးမှု ပို့ချချက် (တတိယနှစ်ဝိဇ္ဇာသင်တန်း) စာအုပ်။
(၁၃) ဦးပုည၏ စာပန်းကုံးများ (ပ+၃)ဦးတင်ထွေး (စာပေဗိမာန်)ထုတ်။
(၁၄) ဘိုမင်းဖြူ (ဥပဒေ)၏ စမ္မခဏ်ဂါထာတော် ဂုဏ်ကျေးဇူးများ။
(၁၅) မန္တလေးမြို့၊ မဟာမြတ်မုနိဘုရားသမိုင်း (ဦးမောင်မောင်တင်၊ မဟာဝိဇ္ဇာ) ပြုစုသည့်စာအုပ်။



## ရဟန်းရှင်လူ ပုဂ္ဂိုလ်များစာရင်း

၁။ ဆရာတော် ဦးစိန္တိတ (မြို့မောင်းထောင်ကျောင်းဆရာတော်–ဇလွန်မြို့)
၂။ ဦးအေးချို(မဟာဝိဇ္ဇာ)ရန်ကုန်မြို့။
၃။ သူရဇော်(ကဗျာဆရာ/စာရေးဆရာ) ရန်ကုန်မြို့။
၄။ ဦးကျော်ညိန်း (အငြိမ်းစားအထက်တန်းကျောင်းဆရာကြီး+ ဂေါပကဥက္ကဋ္ဌဟောင်း)
၅။ ဦးလှထွန်းကျော်(အဒါးလမ်း၊ မြို့သစ်၊ ဇလွန်မြို့)
၆။ ဦးကျော်ဟန်(အနော်ရထာလမ်း၊ မြို့သစ်၊ ဇလွန်မြို့)
၇။ ဦးတင့်အောင် (ခပေါင်းလမ်း၊ မြို့သစ်၊ ဇလွန်မြို့)
၈။ ဦးစိန်ပန်း(အငြိမ်းစားအလယ်တန်းပြဆရာ) ၂–လမ်း၊ မြို့သစ်၊ ဇလွန်မြို့။
၉။ ဦးတင်ထွန်း (ဂေါပကအဖွဲ့ ဥက္ကဋ္ဌဟောင်း)
၁၀။ ဦးမောင်မောင်စိုး၊ ရွှေပန်းထိမ်လုပ်ငန်းပိုင်ရှင်၊ ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌဟောင်း။
၁၁။ ဦးအောင်သန်း၊ ရွှေပန်းထိမ်လုပ်ငန်းပိုင်ရှင်၊ ဂေါပကအဖွဲ့ အဖွဲ့ဝင်။

BURMESE CLASSIC .com

www.burmeseclassic.com